ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အသိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 2 February 2024 ၁၁၃၅၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# တိုင်းပြည်အနာဂတ်အတွက် ပညာရေးကို အားပေးမြှင့်တင်သွားရမည်

## အသိပညာ၊ အတတ်ပညာမရှိပါက နိုင်ငံရေး၊ စီးပွားရေး လုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်မဟုတ်

## နိုင်ငံ့စီးပွားရေး တိုးတက်အောင်နှင့် ပညာသင်ကြားမှု ကောင်းစွာရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း
စာမျက်နှာ » ၄

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်
စာမျက်နှာ » ၆

ယနေ့မျက်မှောက်ကာလတွင် ပြည်ပသြဇာခံများနှင့် ဒေသစွဲ၊ လူမျိုးစွဲ အစွန်းရောက်ဝါဒီများသည် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ အမြော်အမြင်ကြီးစွာ ချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးလုပ်ငန်းစဉ်များကို ဝါဒဖြန့်ချိမှုဟူ၍ မျိုးဆက်သစ်လူငယ်များကို မမှန်မကန် ရိုက်သွင်းလျက်ရှိ
ဆောင်းပါး စာမျက်နှာ » ၈

ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများမှ ကာကွယ်ရေး ပြည်သူလူထုသို့ အသိပေးတိုက်တွန်းနှိုးဆော်ချက်
စာမျက်နှာ » ၁၁

ကြေးမုံ

# ရွေးကောက်ပွဲများကျင်းပနိုင်ရေး တည်ငြိမ်အေးချမ်းမှုဖော်ဆောင်

လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသောအခြေအနေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အနေဖြင့် ပုံမှန်မဟုတ်သည့် အခြေအနေများရှိနေဆဲဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄)အရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ နိုင်ငံ့တာဝန်ထမ်းဆောင်ခွင့် ၆ လသက်တမ်းတိုးမြှင့်ခဲ့သည်။

နိုင်ငံတော်ကို ဆူပူအကြမ်းဖက်မှုများ၊ ၎င်းမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိရေး၊ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ ပြန်လည်ကျင်းပရေး၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်သူများ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည်။

ယနေ့နိုင်ငံတော်ကို တာဝန်ယူနေသောအစိုးရသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်လာသောကြောင့် နိုင်ငံတော်ကို တာဝန်ယူခဲ့ရခြင်းဖြစ်သည်။ ပြည်သူများလိုလားတောင့်တသည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" မယိမ်းယိုင်အောင် စောင့်ရှောက်ခဲ့ရသည်။ နိုင်ငံတော်တာဝန်ယူချိန်မှစ၍ ယနေ့ထက်တိုင် ရှေ့လုပ်ငန်းစဉ်တိုင်း၌ "လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ" ကျင်းပနိုင်ရေး အမြဲထည့်သွင်းဦးတည်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ မျှော်လင့်ချက်ဆန္ဒများကို မျက်ခြည်အပြတ်မခံဦးတည်လုပ်ဆောင်လျက်ရှိသည်။

သို့သော် ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မျက်ကွယ်ပြုပြီး နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်အောင် မိုက်မဲသည့် အတ္တများကို ရှေ့တန်းတင်၍ အကြမ်းဖက်အဖျက်လုပ်ရပ်များကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပုံမှန်အခြေအနေ၊ သာမန်အခြေအနေသို့ရောက်လာပါက နိုင်ငံတော်အာဏာကို မတရားဖြတ်လမ်းနည်းဖြင့် ရယူမည့် ၎င်းတို့၏အကြမ်းဖက်အစီအစဉ်များ ကျရှုံးသွားမည်ကို စိုးရိမ်နေကြ၍ ပုံမှန်အခြေအနေသို့မရောက်အောင် အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ပြုလုပ်နေကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်သူများ၏ မျှော်လင့်ချက်၊ ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပထမဦးစားပေးချမှတ်ထားသည့်အတိုင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ ရွေးကောက်ပွဲများကို နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ အားလုံးလွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရွေးကောက်ပွဲများကို ရာခိုင်နှုန်းပြည့်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ပြည်သူအားလုံး၏ မဲပေးပိုင်ခွင့်များ မဆုံးရှုံးစေရေးအတွက် စွမ်းအားရှိသမျှလုပ်ဆောင်သွားမည်ဖြစ်သည်။ စည်းကမ်းစနစ်ကျနသည့် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်သဖြင့် တိုင်းရင်းသားများအားလုံးက မိမိတို့ဒေသအခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေး နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပါဝင်နိုင်အောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကို ပြည်ထောင်စုလွှတ်တော်မှရွေးချယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်များက ရွေးချယ်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံလူဦးရေ၏ ပျမ်းမျှ ၂၈ ရာခိုင်နှုန်းခန့်သည် မြို့ပေါ်တွင်နေထိုင်ကြပြီး ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြသည်။ အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ယခုအချိုးထက် ပိုမိုကွာဟနေသည်။ ထို့ကြောင့် မြို့ပေါ်တစ်ခုတည်း ဆန္ဒကိုမကြည့်ဘဲ ကျေးလက်နေပြည်သူများ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒများကိုပါ အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ရာ ရွေးကောက်ပွဲများ နိုင်ငံတစ်ဝန်း အကြားအလပ်မရှိစေဘဲ အားလုံးပါဝင်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိလာစေရန် နိုင်ငံတော်ကို ဆက်လက်တာဝန်ယူ၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁-၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၇၉ | ၁,၅၅၂,၃၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၀၀ | ၁,၁၀၃ | ၃,၂၀၃,၈၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၇ | ၅၆,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၂၁ | ၃၂,၅၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၀ | ၁၂၅,၀၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၇၀၇ | ၁,၃၃၄,၆၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၄ | ၁၁၂,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၅၄၂ | ၉၂၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄)ကိုကျင်းပ၍ ခြောက်လတာကာလအတွင်းနိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အရေးပေါ်ကာလသက်တမ်းကို ထပ်မံတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်ကာလမှစ၍ ရှေ့လုပ်ငန်းစဉ်များချမှတ်ရာ၌ မဲမသမာမှုများကို ရွေးကောက်ပွဲကော်မရှင်မှ စစ်ဆေးဖော်ထုတ်သွားမည်ဆိုသည့်အချက်ပါဝင်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း ဖော်ထုတ်ပြီးစီးခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲရလဒ်အပေါ် အရေးယူဆောင်ရွက်မှုအပေါ် ကျေနပ်မှုမရှိသူများက သာမန်ဆန္ဒပြမှုများမှ တစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ ၎င်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ မိုင်းခွဲတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သဖြင့် သာမန်အခြေအနေ ပျက်ယွင်းသွားကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်သည့် နည်းများဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ခဲ့မည်ဆိုပါက အရေးပေါ်ကာလပြဋ္ဌာန်းမှုမှာ ယခုကဲ့သို့ ကြာမြင့်ခဲ့မည်မဟုတ်ကြောင်း။

**EAO များနှင့် ပတ်သက်၍**

အလားတူ EAO များနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် NCA လက်မှတ်ရေးထိုးထားသော EAO အဖွဲ့များအနက် KNU မှ သဘောထားတင်းမာသူအချို့၊ CNF နှင့် ABSDF တို့သည် အကြမ်းဖက်လမ်းစဉ်တွင် ပါဝင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးမထားသည့် အဖွဲ့များထဲမှ KIA အဖွဲ့ အနေဖြင့်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲသူများကို အကြမ်းဖက်တိုက်ခိုက်သည့်သင်တန်းများ၊ မိုင်းထောင်ဖောက်ခွဲသည့် သင်တန်းများသင်ကြားပေးပြီး လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ KNPP အဖွဲ့အနေဖြင့် ဆူပူအကြမ်းဖက်မှုကိုလိုလားသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို အကြမ်းဖက်သင်တန်းများ သင်ကြားပေးခြင်းနှင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးပြီး အကြောင်းအမျိုးမျိုးပြ၍ တိုက်ကွက်များဖော်လာခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းများသည် သာမန်အခြေအနေကို ထိခိုက်စေသည့် လုပ်ဆောင်မှုများဖြစ်ကြောင်း။

ထိုအထဲမှ MNDAA အဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့တွင် လောက်ကိုင်ဒေသကို အင်အားအလုံးအရင်းဖြင့် Drone များအသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ တရားမဝင်လုပ်ငန်းများ၊ ၎င်းတို့၏မဟာမိတ်များမှ ထောက်ပံ့မှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများမှ ရရှိခဲ့သည့် ငွေကြေးများဖြင့် အသုံးပြုခဲ့ခြင်းဖြစ်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ MNDAA အဖွဲ့၏တိုက်ခိုက်မှုများ လုပ်ဆောင်နေမှုသည် သာမန်အခြေအနေကို ထိခိုက်စေသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

မိမိတို့၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းချိန်တွင် စနစ်တကျဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လက်ရှိဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံရေးအရ ဦးဆောင်မှုပေးရန်ဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်း ဆောင်ရွက်ရာတွင်လည်း တပ်မတော်မှ တာဝန်အရှိဆုံးပုဂ္ဂိုလ်များ၊ တိုင်းရင်းသားနှင့် ဒေသများမှ ကိုယ်စားလှယ်ခေါင်းဆောင်များကို ထည့်သွင်းဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်နိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်းရှိသူများကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း။

**မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးမှာ များစွာကျယ်ပြန့်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး လူတိုင်းအေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝများ တိုးတက်အောင်နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍လည်း အားလုံးပြေပြေပြစ်ပြစ်ရှိနေရန်လိုကြောင်း၊ သို့မှသာ တိုင်းပြည်သာယာဝပြောမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍လည်း နိုင်ငံတကာ၏ Food Security အရ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် နိုင်ငံတစ်ခုဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်များကို မဏ္ဍိုင်ပြု၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ ချမှတ်ထားသည့် မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပထမအချက်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်ဟုချမှတ်ထားကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့်ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ အဓိကအားဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်ဟု ချမှတ်ထားကြောင်း။

**ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့**

စတုတ္ထအချက်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ဖြတ်သန်းခဲ့ရသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍ သုံးရပ်ကိုကြည့်ပါက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ပေးအပ်ထားသော်လည်း ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ဥပမာအားဖြင့် အခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများတွင် လွှတ်တော်တွင်လည်း ပြင်ဆင်ရေးနှင့်ပတ်သက်၍မှတ်တမ်းသာတင်နိုင်ခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမလုပ်နိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လက်ရှိဆောင်ရွက်နေသည့် အုပ်ချုပ်မှုပုံစံများတွင် လုပ်ပိုင်ခွင့်များကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန်လိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်း၍ လုပ်ဆောင်၍ရကြောင်း၊ သို့သော်လည်း ဥပဒေပြဋ္ဌာန်းမှုများကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် မိမိတို့လုပ်ပိုင်ခွင့်အလိုက် အပြည့်အဝလုပ်ဆောင်ခြင်း မရှိသည့်အပေါ် အားမလိုအားမရဖြစ်လာကြပြီး လုပ်ပိုင်ခွင့်များပေးရန် တောင်းဆိုလာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား မိမိတို့လုပ်ပိုင်ခွင့်များအလိုက် ဒေသအကျိုးကို ဖော်ဆောင်ပေးနိုင်သမျှ ဖော်ဆောင်နိုင်ကြောင်းကို အမြဲပြောကြားခဲ့ကြောင်း၊ လုပ်ပိုင်ခွင့်များကို အသုံးချရာတွင်လည်း ဒေသနှင့်ဒေသခံများ၏ အကျိုးကိုသာ ဖော်ဆောင်ပေးရန်ဖြစ်ပြီး လူနည်းစု၏ အကျိုးစီးပွားအတွက် အသုံးချခြင်းမဖြစ်စေရန်လိုကြောင်း၊ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကျယ်တဝင့် ရှင်းပြနေရခြင်းမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် လုပ်ပိုင်ခွင့်များသည် အလွန်အခရာကျခြင်းကြောင့် ဖြစ်ပြီး မိမိတို့အနေဖြင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်များကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း။

**☆ မိမိတို့၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်**

**☆ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**

**☆ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူ ဆောင်ရွက်သွားရမည်**

ပဉ္စမအချက်အနေဖြင့် မဲပေးခွင့်ရှိသူများအားလုံး၏ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်မြောက်စေရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဖြစ်မြောက်စေရေးအတွက် မိမိတို့အနေဖြင့် အခြေအနေဖန်တီးပေးရမည်ဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရမည်၊ မဲစာရင်းများ မှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏ မည်သည့် အရပ်ဒေသရှိ မြို့ပြနှင့် ကျေးလက်တွင် နေထိုင်သည်ဖြစ်စေ နိုင်ငံသားတိုင်းသည် အခွင့်အရေးတန်းတူ ရရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြုလုပ်နိုင်ရေးကို အချိန်ယူ၍ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကိုဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ပတ်သက်၍ မိမိအနေဖြင့် ပြောကြားခဲ့ခြင်းဖြစ်ပြီး ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများသို့ ရောက်ရှိပါက နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ »»

**☆ ရွေးကောက်ပွဲဖြစ်မြောက်စေရေးအတွက် မိမိတို့အနေဖြင့် အခြေအနေ ဖန်တီးပေးရမည်ဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရမည်၊ မဲစာရင်းများ မှန်ကန်မှုရှိရမည်**

**☆ မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော် အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်**

**☆ မဲဆန္ဒရှင်များ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏ မည်သည့် အရပ်ဒေသရှိ မြို့ပြနှင့် ကျေးလက်တွင် နေထိုင်သည်ဖြစ်စေ နိုင်ငံသားတိုင်းသည် အခွင့်အရေးတန်းတူ ရရှိရမည်**

**☆ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြုလုပ်နိုင်ရေးကို အချိန်ယူ၍ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကိုဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ဖော်ဆောင်ပေးနိုင်ရမည်**

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၇/၂၀၂၄**

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် –

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး မြထွန်းဦး |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး တင်အောင်စန်း |
| (၅) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၇) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၈) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) | ဦးကိုကိုလှိုင် |
| (၉) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) | ဦးအောင်နိုင်ဦး |
| (၁၀) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၃) | ဦးအောင်ကျော်ဟိုး |
| (၁၁) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄) | ဗိုလ်ချုပ်ကြီး မိုးအောင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာ ကံဇော် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာ သီတာဦး |
| (၁၅) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၆) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၇) . | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၈) | ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဦးလှမိုး |
| (၁၉) | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၂၀) | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညဏ်ထွန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန | ဒေါက်တာ ချာလီသန်း |
| (၂၃) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၄) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | ဦးမြင့်နောင် |
| (၂၅) | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဦးထွန်းအုံ |
| (၂၆) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | ဒေါက်တာ ညွန့်ဖေ |
| (၂၇) | ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာ မျိုးသိန်းကျော် |
| (၂၈) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာ သက်ခိုင်ဝင်း |
| (၂၉) | ပြည်ထောင်စုဝန်ကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၃၀) | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာ စိုးဝင်း |
| (၃၂) | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒေါက်တာ သက်သက်ခိုင် |
| (၃၃) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၄) | အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

»»» **စာမျက်နှာ ၃ မှ**

ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း အခြားပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့်အချက်များလည်း ရှိနေဆဲဖြစ်ကြောင်း၊ ၎င်းအချက်များနှင့် အခြားဆက်စပ်နေသည့် ဥပဒေ၊ ပုဒ်မများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် တိုင်းပြည်အတွက် အရှည်ကိုမြော်တွေး၍ ကြိုတင်စဉ်းစားနိုင်ရန်လိုပါကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်၍ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် လွှတ်တော်သို့ သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသည့် တိုင်းရင်းသားအခွင့်အရေးများ မှန်မှန်ကန်ကန် ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရေး၊ လာမည့် ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်းကောက်ခံရာတွင် တိုင်းရင်းသားလူမျိုးများ၊ မျိုးနွယ်စုများ၊ အခေါ်အဝေါ်များနှင့် စာရင်းဇယားများ မှန်ကန်အောင် စနစ်တကျ စိစစ်ကောက်ခံသွားရေး၊ သဘာဝ မြေဩဇာကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် သုံးစွဲလာအောင် ပညာပေးစည်းရုံးရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ စပါးများ အချိန်မီရိတ်သိမ်းနိုင်ရေး၊ စားသောက်ကုန်ပစ္စည်းများ ပုံမှန်စီးဆင်းရေး၊ ပဋိပက္ခဖြစ်ပွားသည့် ဒေသများမှ ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရေး၊ နိုင်ငံ့ဝန်ထမ်းများအား လက်နက်ကိုင်အဖွဲ့အစည်းများက ခြိမ်းခြောက်အကျပ်ကိုင်နေမှု၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြစ်ကြောင်း။

တိုင်းပြည်အနာဂတ်အတွက် ပညာရေးကိုလည်း အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာမရှိပါက နိုင်ငံရေး၊ စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် ကာလအတွင်း နိုင်ငံ့စီးပွားရေး တိုးတက်အောင်နှင့် ပညာသင်ကြားမှုကောင်းစွာ ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ အနာဂတ်ကို ကောင်းမွန်စေလိုပါက ပညာရေးကိုကောင်းအောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ပညာရေးအားပေးမြှင့်တင်ရေး ကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်





**နေပြည်တော် ဖေဖော်ဝါရီ ၁**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘော (အမျိုးသား၊ အမျိုးသမီး) (5 on 5)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ် အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘတ်စကက်ဘော (အမျိုးသမီး၊ အမျိုးသား) (5 on 5) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်း တိုင်းဒေသကြီးအသင်းက မကွေး တိုင်းဒေသကြီး အသင်းကို ယှဉ်ပြိုင် အနိုင်ရရှိပြီး အမျိုးသားပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်း ကို ယှဉ်ပြိုင်အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ အသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံး အားကစားသမား ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ယောလု နှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမား ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မြနှင်းမှုံ တို့အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြု ချီးမြှင့်ငွေ ကျပ်တစ်သိန်းစီကို လည်းကောင်း၊ အမျိုးသမီး အသင်းလိုက် (3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်း၊ ဒုတိယဆုရရှိ သည့် မကွေးတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိ သည့် မွန်ပြည်နယ်အသင်းတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက တစ်ဦးချင်း ဆုတံဆိပ် နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ အမျိုးသား အသင်းလိုက် (3on 3)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ ဒုတိယဆုရရှိ သည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်း တို့အား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေ များကိုလည်းကောင်း၊ အမျိုးသမီး အသင်းလိုက် (5 on 5)ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိသည့် ရှမ်းပြည် နယ်အသင်းနှင့် တတိယဆုရရှိ သည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၀ သိန်းကို လည်းကောင်း၊ အမျိုးသားအသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိ သည့် ပဲခူးတိုင်းဒေသကြီးအသင်း နှင့် တတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီး အသင်းတို့ အား ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဦးကိုကိုလှိုင် တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့် ကြသည်။

ယင်းနောက် အမျိုးသမီး အသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မကွေးတိုင်း ဒေသကြီးအသင်းနှင့် အမျိုးသား အသင်းလိုက် (5 on 5)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ် အသင်းတို့အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြု ချီးမြှင့်ငွေကျပ် ၁၅ သိန်းကိုလည်း ကောင်း၊ အမျိုးသမီးအသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိ သည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် အမျိုးသားအသင်း လိုက် (5 on 5)ပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် မန္တလေးတိုင်းဒေသ ကြီးအသင်းတို့အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်နှင့် ဒေါက်တာဘရွှေတို့ က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ အမျိုးသမီး အသင်းလိုက်(3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းနှင့် အမျိုးသား အသင်းလိုက်(3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးအသင်းတို့အား နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် မန်းငြိမ်းမောင်တို့က တံခွန်စိုက် ဆုဖလားကို လည်းကောင်း၊ အမျိုးသမီး အသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်း နှင့် အမျိုးသားအသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်း တို့အား နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ပိုးရယ် အောင်သိန်းနှင့် ဒေါ်ဒွဲဘူတို့က တံခွန်စိုက်ဆုဖလားကို လည်း ကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဘတ်စကက်ဘော အားကစား သမားများအချင်းချင်း ချစ်ကြည် ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဘတ်စကက်ဘော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက် လာစေရေးနှင့် ဘတ်စကက်ဘော အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘော ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏ သိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပ ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲဝင် အမျိုးသား အသင်း ၁၂ သင်းနှင့် အမျိုးသမီး အသင်း ၁၁ သင်းတို့မှ အားကစား သမားစုစုပေါင်း ၃၆၉ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အမျိုးသားအသင်းလိုက်(5 on 5)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ တတိယနေ့ရာလုပွဲ ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့် နည်းပညာ ဦးစီးဌာနရှိ နည်းပညာတက္ကသိုလ် များနှင့် ကွန်ပျူတာတက္ကသိုလ်များ ၏ တက္ကသိုလ်ပေါင်းစုံ အားကစား ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားရုံများ ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အမြဲတမ်းအတွင်း ဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/နည်းပြ များ၊ ကျောင်းသား ကျောင်းသူ များ၊ အားကစားသမားများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၁) ၌ တတိယလုပွဲ ပွဲစဉ်အဖြစ် မကွေးဇုန် နှင့် တောင်ကြီးဇုန်တို့မှ ဘောလုံး ယှဉ်ပြိုင် ကစားကြသည်များကို တက်ရောက်ကြည့်ရှု အားပေးကြ သည်။

ပြိုင်ပွဲတွင် နှစ်ဖက်ဘောလုံး အသင်းမှ ဘောလုံးအားကစား သမားများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မကွေးဇုန် က တောင်ကြီးဇုန်ကို နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲများ အပြီးတွင် ပြည်ထောင်စုဝန်ကြီး သည် ဘောလုံးအားကစားသမား များကို အားပေးစကားပြောကြား ပြီး ဒိုင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့ တွင် နေရာကွက်ကျား မိုးထစ် ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော် နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း နှင့် အရှေ့ပိုင်း)တို့တွင် အများ အားဖြင့် သာယာပြီး ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်း မည်။

မိုး/ဇလ

# နိုင်ငံကျော်အနုပညာရှင်များနှင့် အကယ်ဒမီရွေးကြိုများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို





**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ရန် ရောက်ရှိနေကြသည့် နိုင်ငံကျော်အနုပညာရှင်များနှင့် အကယ်ဒမီရွေးကြိုများသည် ယနေ့ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံကျော်အနုပညာရှင်များနှင့် အကယ်ဒမီရွေးကြိုများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများကို လေ့လာကြသည်။

ဆက်လက်၍ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အနုပညာရှင်အဖွဲ့များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ယင်းနောက် အနုပညာရှင်အဖွဲ့များသည် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူး ပြည်သူများလာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ယခင်နှစ်များနှင့်မတူ ခမ်းနားထည်ဝါစွာ ကျင်းပသွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**ပြင်ဆင်ဆောင်ရွက်ထား**

အဆိုပါ အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် Forever Group တို့ ပူးပေါင်း၍ အကယ်ဒမီဆုပေးပွဲစင်မြင့်အား Curve LED များ အသုံးပြု၍လည်းကောင်း၊ အကယ်ဒမီရွှေစင်ရုပ်တုများကို ခမ်းနားထည်ဝါစွာ ဖော်ကျူး၍လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ မီးအလင်းအမှောင်စနစ်များ၊ အသံစနစ်များဖြင့်လည်းကောင်း၊ ခမ်းနားထည်ဝါစွာ ပြင်ဆင်ဆောင်ရွက်ထားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးမှ စီစဉ်ဆောင်ရွက်သည့် The Drive Band နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အကယ်ဒမီရွေးကြိုများ၏ ကဏ္ဍအလိုက်တင်ဆက်မည့် အစီအစဉ်များကို ကြိုတင်ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။



အကယ်ဒမီရွေးကြိုများ၏ ကဏ္ဍအလိုက် တင်ဆက်မည့် အစီအစဉ်များကို ကြိုတင်ဇာတ်တိုက်လေ့ကျင့်စဉ်။

ထို့ပြင် အကယ်ဒမီဆုပေးပွဲသို့ တက်ရောက်လာကြမည့် နိုင်ငံကျော်အနုပညာရှင်များအား ကြိုဆို၍ မီဒီယာအသီးသီးမှ အင်တာဗျူးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet)နှင့် Photo Booth နေရာများ၊ ရုပ်မြင်သံကြားလိုင်းများ၏ အင်တာဗျူး Booth များကိုလည်း အစီအစဉ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားတွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများချီးမြှင့်မှုအပြင် အကောင်းဆုံး ဝတ်စားဆင်ယင်မှု (Fashion Award)များကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော် အနုပညာရှင်များ အခမ်းအနားတက်ရောက်လာမှုများကို နိုင်ငံတကာဆုပေးပွဲများနည်းတူ Rail Camera နှင့် Crane Camera များအပါအဝင် ကင်မရာ ၁၁ လုံးကို အသုံးပြု၍ အကယ်ဒမီ ရင်ခုန်သံအင်တာဗျူးများနှင့် အကောင်းဆုံး ဝတ်စားဆင်ယင်မှု (Fashion Award) ဆုအတွက် ပြင်ဆင်လာမှုများကို ရိုက်ကူးပြသသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။



အလှဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂုဏ်ပြုခံလျှောက်လမ်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ထို့ပြင် ဂုဏ်ပြုခံလျှောက်လမ်း(Red Carpet) တစ်လျှောက်တွင် ရုပ်ရှင်တစ်သက်တာဆု ရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၂-၂၀၂၂ အထိ ရုပ်ရှင်ဇာတ်ကားဆုများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်အလိုက် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားနှင့် ထူးချွန်ဆုရ အနုပညာရှင် အတတ်ပညာရှင်များ၏မှတ်တမ်းဓာတ်ပုံများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အများဆုံးရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကားများစာရင်း စသည့်တို့ဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး အနုပညာရှင်များ၏ ပွဲတက်လာမှုများကို မီးအလင်းအမှောင်များပေး၍ ရိုက်ကူးပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

**ရိုက်ကူးထုတ်လွှင့်ပေးသွားမည်**

အခမ်းအနား ကျင်းပသည့် ကျောက်စိမ်းခန်းမအတွင်းတွင် Curve LED ၏ ခမ်းနားထည်ဝါမှုနှင့်အတူ အကယ်ဒမီဆုရ အကောင်းဆုံးပြကွက်များကို ပြည့်ဝစွာ ခံစားနားဆင်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ယင်းသို့ တင်ဆက်ပြသမှုများကို နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကြည့်ရှုခံစားနိုင်စေရန်အတွက် AR Camera၊ Crane Camera နှင့် PTZ Camera များအပါအဝင် ကင်မရာ ၁၁ လုံးအသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲဆန်ကာတင်စာရင်းဝင်ရုပ်ရှင် ဇာတ်ကား ၁၂ ကားရွေးချယ်ထားရှိပြီး အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုအပါအဝင် အနုပညာထူးချွန်ဆုနှင့် အတတ်ပညာထူးချွန်ဆု ၁၁ ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ စုစုပေါင်း ၄၀ တို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ် -

၁။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တန်ခိုးကြီးဘုရားတွေ များစွာရှိတဲ့အထဲမှ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ဒီမာရဝိဇယဘုရားကြီးကိုလာရောက်ဖူးမြော်ရတဲ့အတွက် နိုင်ငံသား တစ်ယောက်အနေနဲ့ အင်မတန်မှ ဝမ်းသာဂုဏ်ယူပါတယ်။ ပထမဆုံး ကျွန်တော်တို့ကို ဂေါပကရုံးမှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အသေးစိတ်တည်ဆောက်ပုံကို သိရှိလေ့လာခွင့်ရခဲ့ပါတယ်။ အခု ဒီမှာ



လူ ၁၀၀၀ ကျော်ဆံ့တဲ့ ဗိမာန်တော်ကြီးကို လေ့လာခွင့်ရတဲ့အတွက်ကြောင့် အင်မတန်မှ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ တော်တော်လေးလဲ ထူးထူးခြားခြား တည်ဆောက်ထားတာကို တွေ့ရတဲ့အတွက်ကြောင့် နိုင်ငံသား တစ်ယောက်အနေနဲ့ အင်မတန်မှ ဝမ်းသာဂုဏ်ယူပါတယ်။





၂။ ကျွန်မကတော့ ကယားပြည်နယ်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့အနေနဲ့ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဦးဆုံးအကြိမ် လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ရုပ်မြင်သံကြားနဲ့ အွန်လိုင်းပေါ်မှာတော့ တွေ့မြင်နေရတာ ကြာပါပြီ။ လက်တွေ့ ဖူးမြော်ချင်နေတာလည်းကြာပါပြီ။ အခုလိုအပြင်မှာ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးဖြစ်ရပါတယ်။ မော်ကွန်းတိုက်မှာဆိုရင်လည်း ပုံစံငယ်တွေကို ခင်းကျင်းပြသထားတာ တွေ့ရပါတယ်။ ဘုရားကြီးတည်ဆောက်ပုံ အဆင့်ဆင့်ကို ဂေါပကအဖွဲ့က အသေးစိတ်ရှင်းပြတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အခုလို လာရောက် လေ့လာနိုင်အောင် စီစဉ်ပေးတဲ့ ကယားပြည်နယ်အစိုးရအဖွဲ့ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကမ္ဘာ့အလယ်မှာ ဗုဒ္ဓဘာသာနိုင်ငံအနေနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

၃။ ကျွန်မကတော့ ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့ကနေ လေ့လာရေးခရီးစဉ်ကို ပါလာတာဖြစ်ပါတယ်။ ပထမဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ပြီးပါပြီ။ နောက်ပြီး မော်ကွန်းတိုက်ကိုလေ့လာခဲ့ပါတယ်။ အဲဒီနောက်မှာ ကျောက်စာရုံစေတီတွေကို ဖူးမြော်ရင်း ကျောက်စာတွေကို လေ့လာဖြစ်ခဲ့ပါတယ်။ ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ် ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဘုရားဖူးပြည်သူတွေကိုလည်း ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၄-၁-၂၀၂၄) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၉-၁၀-၂၀၂၃) ရက်နေ့မှ (၂၂-၁၂-၂၀၂၃) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၃၇ ဦး ပေါင်း ၄၀ ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၈၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၈၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရှေးဟောင်းသုတေသနပြတိုက်(ပုဂံ)သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုမှ ဝင်ငွေကျပ် ၃၈၅ သိန်းကျော် ရရှိခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရှေးဟောင်းသုတေသနပြတိုက်(ပုဂံ)သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုမှ ကျပ် ၃၈၅ သိန်းကျော် ရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

အထက်ပါကာလအတွင်း ပြည်တွင်းခရီးသွား ၆၂၈၆၂ ဦး ဝင်ရောက်မှုမှ ဝင်ငွေကျပ် ၃၅၆၁၁၀၀၀၊ ပြည်ပခရီးသွား ၄၆၀ ဝင်ရောက်မှုမှဝင်ငွေကျပ် ၂၉၁၅၀၀၀ ရရှိခဲ့ကာ ပြည်တွင်း၊ ပြည်ပ ခရီးသည် စုစုပေါင်း ၆၃၃၂၂ ဦးထံမှ ဝင်ငွေကျပ် ၃၈၅၂၆၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

“ပြည်တွင်းအနေနဲ့က မြန်မာတစ်နိုင်ငံလုံးဝင်ရောက်ခဲ့တာမှာ ရန်ကုန်ကတော့ အများဆုံးပေါ့။ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေထဲမှာတော့ ထိုင်းက ပိုများတယ်။ ရုရှား၊ တရုတ်၊ စင်ကာပူ၊ အမေရိကန်တို့က လာကြတယ်”ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ)ကို တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ပုံမှန်ဖွင့်လှစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ)သို့ ဝင်ရောက်လေ့လာရာတွင် ပြည်ပဧည့်သည်တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှင့် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ကျပ် ၁၀၀၀ ကောက်ခံကြောင်း သိရသည်။

ပြတိုက်သို့ ဝင်ရောက်လေ့လာသူများအနက် ၁၀ နှစ်အောက် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ရဟန်းတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား အခမဲ့ဝင်ရောက်ခွင့်ပြုပေးထားသည်။

**MT**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**မိုး/ဇလ**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဝဿကာရတွေကြားက တို့ပြည်ထောင်စုနယ်မြေ

**ဇာနည်ဘွား**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့နီးကပ်လာခဲ့ချေပြီ။ အသက် ၅၀ ကျော်အရွယ် မိမိတို့မျိုးဆက်များအဖို့ ပြည်ထောင်စုနေ့နှင့်ပတ်သက်လျှင် အမှတ်ရစရာများက အများသားလား။ ဦးစွာအောက်မေ့အမှတ်ရမိသည်က မီးအလှရောင်စုံများ ဖြာဝေစွာဆင်ယင်ထွန်းညှိပြီး တပျော်တပါးပါဝင်ဆင်နွှဲခဲ့ကြသည့် ကျိုက္ကဆံ ပြည်ထောင်စုပွဲတော်နှင့် ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်းသယ်ယူခဲ့ကြသည့် မြင်ကွင်းပုံရိပ်များပင်ဖြစ်ပါတော့သည်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်လာစဉ်။

## လက်ဆင့်ကမ်းသယ်ဆောင်

နှစ်သစ်၏ ဇန်နဝါရီလကုန်၍ ဖေဖော်ဝါရီလဆန်းပြီဆိုလျှင်ဖြင့် ရန်ကုန်မြို့တော်ခန်းမတွင် တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့် တိုင်းအသီးသီးသို့ စတင်လှည့်လည်ပါတော့သည်။ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနယ်မြေအသီးသီးမှ တိုင်းရင်းသားပြည်သူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများက အလံတော်ညအိပ်ရပ်နားရာနေရာသို့ လက်ဆင့်ကမ်း သယ်ဆောင်ကြသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့ (ပြည်ထောင်စုနေ့) မတိုင်မီ ရက်ပိုင်းအလိုတွင် ပြည်ထောင်စုအလံတော်သည် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အလံတော်ရပ်နားရာစင်မြင့်ထက်သို့ ပြန်လည်ရောက်ရှိလာပါသည်။

ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရာ ကျိုက္ကဆံကွင်းအတွင်း၌မူ ပြည်ထောင်စုပွဲတော်ကို ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း၊ ဝန်ကြီးဌာနပြခန်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲများ၊ ဇာတ်ပွဲများ၊ ပွဲဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ပြည်နယ်နှင့် တိုင်း၊ ဝန်ကြီးဌာနပြခန်းများတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ ဒေသထွက်ကုန်များ၊ အထင်ကရဘုရားပုထိုးစေတီများ၊ လမ်းတံတား အဆောက်အအုံများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုံစံငယ်များနှင့်တကွ ခင်းကျင်းပြသထားသည်။ ကယားပြည်နယ် ပြခန်းအတွင်းရှိ လောပိတဓာတ်အားပေးစက်ရုံပုံစံငယ်နှင့် မကွေးတိုင်းအတွင်းရှိ ရေနံတွင်းတူးစင်ပုံစံငယ်များကို ယနေ့တိုင်အမှတ်ရနေဆဲပင်။

ထိုထိုသော ပြည်ထောင်စုနေ့နှင့် ဆက်စပ်သည့် မြင်ကွင်းပုံရိပ်များကြောင့်ပင် မိမိတို့မျိုးဆက်များခေတ်တွင် တိုင်းရင်းသားများနှင့် အနေဝေးသော်လည်း သွေးချင်းနီးခဲ့ကြသည်။ သွေးချင်းညီအစ်ကိုများအဖြစ် ရင်းနှီးချစ်ကြည်ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ယုတ်စွအဆုံး တစ်ခေတ်တစ်ခါက ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ကျင်းပခဲ့သည့် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲများ၌ပင်လျှင် ရန်ကုန်မြို့ခံဘောလုံးပရိသတ်များသည် ပြည်နယ်အသင်းများကို အထူးအားပေးမြှောက်စားခဲ့ကြပါသည်။

## ခြေရည်တူကစားပြီး အခက်တွေ့အောင်လုပ်နိုင်

၁၉၈၀ ကျော်လွန်နှစ်များအတွင်းက ပြည်နယ်အသင်းများခြေစွာသည်။ ရန်ကုန်၊ မန္တလေး၊ မကွေး စသည့်အသင်းကြီးများကို ခြေရည်တူကစားပြီး အခက်တွေ့အောင်လုပ်နိုင်သည့် ပြည်နယ်အသင်းတစ်သင်း၊ နှစ်သင်း နှစ်စဉ်ပေါ်ထွက်လေ့ရှိသည်။ နာမည်ကြီး တိုင်းအသင်းများကို အကြိတ်အနယ်ခံကစားသည့် ပြည်နယ်အသင်းများအား အောင်ဆန်းကွင်းတစ်ကွင်းလုံးက ပံ့အောအားပေးလေ့ရှိကြသည်။

အိမ်ခံ ရန်ကုန်တိုင်းအသင်းသည်ပင်လျှင် ကရင်၊ ကယား၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်နယ်အသင်းများနှင့် ဆုံတွေ့ခဲ့ပါက အိမ်ခံအသင်းသည် ဧည့်သည်အသင်း၊ အိမ်ကွင်းသည် အဝေးကွင်းအဖြစ် ပြောင်းပြန်ဖြစ်သွားရလောက်အောင်ပင် ပြည်နယ်အသင်းများကို တစ်ခဲနက်အားပေးခဲ့ကြပါသည်။

ယခုပြန်တွေးကြည့်တော့ ပြည်ထောင်စုနေ့အခမ်းအနားများကို ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဖြင့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးတို့အတွက် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ အမြော်အမြင်နှင့် ရည်ရွယ်ချက်များကို တွေ့မြင်နားလည်သဘောပေါက်လာမိသည်။

မျက်မှောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရခေတ်တွင်လည်း ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားအပါအဝင် ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိ နှစ်စဉ် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိသည်။

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား

ယခု ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကိုလည်း အမျိုးသားရေး ဦးတည်ချက်(၅)ရပ်နှင့် ဒို့တာဝန်အရေး (၃)ပါး ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ကျင်းပသွားမည်ဟု သိရသည်။

ထို့အပြင် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် MSME လုပ်ငန်းများနှင့် ပတ်သက်သည့် ပြခန်းများကိုလည်း ခင်းကျင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် One Region One Product အဓိကထုတ်ကုန်အပါအဝင် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အခြားသော ထုတ်ကုန်အမျိုးမျိုးကို ပူးပေါင်းပါဝင် ခင်းကျင်းပြသခြင်းဖြင့် မိမိတို့ထုတ်ကုန်များအား အချင်းချင်းပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ အသိပညာတိုးလျက် ပြည်တွင်းဖြစ်ကို ပိုမိုအားပေးလာနိုင်ခြင်း၊ ထုတ်ကုန်များ၏ သဘောသဘာဝနှင့် ထပ်မံ၍ အနာဂတ်အတွက် ရည်ရွယ်ထားသောလုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများ ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များနှင့်အညီ MSME ပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဒို့တာဝန်အရေး (၃)ပါးကို မည်သည့်ခေတ်၊ မည်သည့်စနစ်ပင်ဖြစ်စေ နိုင်ငံသားတိုင်း ဦးထိပ်ထားရန်လိုအပ်ပေသည်။ ထို့အတူ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများဖြင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားရေးသည် လွန်စွာအရေးကြီးလှပေသည်။

## ဝါဒဖြန့်ချိမှုဟူ၍ မျိုးဆက်သစ်လူငယ်များကို မမှန်မကန်ရိုက်သွင်း

ယနေ့မျက်မှောက်ကာလတွင် ပြည်ပသြဇာခံများနှင့် ဒေသစွဲ၊ လူမျိုးစွဲ အစွန်းရောက်ဝါဒီများသည် ခေတ်အဆက်ဆက်နိုင်ငံ့ခေါင်းဆောင်များ အမြော်အမြင်ကြီးစွာချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးလုပ်ငန်းစဉ်များကို ဝါဒဖြန့်ချိမှုဟူ၍ မျိုးဆက်သစ်လူငယ်များကို မမှန်မကန် ရိုက်သွင်းလျက်ရှိသည်။ ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစဉ်အလာကြီးမားခဲ့သော သမိုင်းကြောင်းမှန်သမျှကိုလည်း မျိုးဆက်သစ်များအား အလေးမထားရန်၊ သမိုင်းကြောင်းအမှန်မသိစေရန် အကြံဆိုးဖြင့် လိမ်လည်လှည့်ဖြားလျက်ရှိသည်။

ဤသို့ဖြင့် မြန်မာ့သမိုင်းကြောင်းကို အမှန်အကန်မသိနားမလည်သူအချို့နှင့် နားယောင်သူအချို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို သောင်းကျန်းသူများက မဖွယ်မရာပြုမူလုပ်ဆောင်လျှင်လည်း နာရကောင်းမှန်းမသိ၊ လက်ခုပ်သြဘာပေးကြသည်။ အမျိုးဘာသာ သာသနာအပေါ်စော်ကားလျှင်လည်း တုဏှိဘာဝေ မသိကျိုးကျွန်ပြုကြသည်။ ထို့အတူ ခေတ်အဆက်ဆက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး (၃)ပါးကို အသက်ပေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ကို အာဏာရှင်ဟူ၍ လည်းကောင်း၊ စာမျက်နှာ ၉ သို့

❖ **ယနေ့မျက်မှောက်ကာလတွင် ပြည်ပသြဇာခံများနှင့် ဒေသစွဲ၊ လူမျိုးစွဲ အစွန်းရောက်ဝါဒီများသည် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ အမြော်အမြင်ကြီးစွာ ချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးလုပ်ငန်းစဉ်များကို ဝါဒဖြန့်ချိမှုဟူ၍ မျိုးဆက်သစ်လူငယ်များကို မမှန်မကန် ရိုက်သွင်းလျက်ရှိ**

❖ **ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့ကလည်း ပထဝီနိုင်ငံရေးအရ အချက်အချာကျသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြိုကွဲစေရန် ဝဿကာရနည်းလမ်းဖြင့် အကောက်ကြံ၊ ခလောက်ဆန်လျက်ရှိကြ**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးတာဝန်သိမှုအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း/အမှုထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် လူမှုရေးတာဝန်သိမှုနှင့်ပတ်သက်သည့် အသိပညာတိုးပွားစေရန်ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးတာဝန်သိမှု (Corporate social responsibility – CSR) အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပြီး မိမိတို့အလုပ်တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန်ရည်ရွယ်၍ ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး အောင်မြင်မှုအကျိုးရလဒ်များ ရရှိခံစားကြရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးသည် အဖွဲ့အစည်းတိုင်းအတွက် မဖြစ်မနေဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ပညာရှင်များက လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၏ လုပ်ငန်းစဉ်များ၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် လုပ်ငန်းများစီမံခန့်ခွဲမှုစနစ် (Digitalization and Workflow Management System)၊ လူမှုရေးတာဝန်သိမှု (Corporate social responsibility – CSR) တို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများမှ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြသည်။



ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာသူများက လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ Prioritize Human Capital in your organization ခေါင်းစဉ်ကိုလည်းကောင်း၊ လူမှုရေးတာဝန်သိမှု (CSR) နှင့်ပတ်သက်၍ Who is CSR the most important to? ခေါင်းစဉ်ကိုလည်းကောင်း အမြင်ချင်း ဖလှယ်ဆွေးနွေးမေးမြန်းခဲ့ကြပြီး တက်ရောက်လာသည့် ပညာရှင်များက ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်စင်က ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၉၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ထပ်မံပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၉၀ နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေထပ်မံပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း) က ဇန်နဝါရီ ၁၂ ရက်တွင် အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၄၇၈၁ ဦးအတွက် ငွေကျပ် ၂၃၉ ဒသမ ၀၅ သန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယနေ့တွင် အသက် ၉၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထပ်မံ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)က တိုင်းဒေသကြီး၊ ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား ထောက်ပံ့ငွေများပေးအပ်ပြီး အခမ်းအနားတက်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင်အသက် ၉၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၁၈ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ အသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ၁ သန်း စုစုပေါင်း ၂၁ ဒသမ ၉ သန်း ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကလောမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်

**ကလော ဖေဖော်ဝါရီ ၁**

ယခုအခါ ရာသီဥတုပူပြင်းသော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများသို့ လှည့်လည်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း အသိပညာပေးကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်အတွင်း ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ဖုန်း ၁၉၁၊ ကလော၊ အောင်ပန်း၊ ဟဲဟိုးမြို့မီးသတ်စခန်းသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း စသဖြင့် လိုက်လံဆော်ဩပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



❒ စာမျက်နှာ ၈ မှ

ဒေသစွဲ၊ လူမျိုးစွဲ၊ တစ်တောတစ်ကြက်ဖဝါဒကို ကိုင်စွဲ၍ သီးခြားနယ်မြေရယူရန် လက်နက်အားကိုးဖြင့် ဆူပူသောင်းကျန်းနေကြသူများကို ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားသူ တော်လှန်ရေးအဖွဲ့အစည်းများဟူ၍ လည်းကောင်း ပြောင်းပြန်ထင်မှတ်လျက်ရှိကြသည်။

ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့ကလည်း ပထဝီနိုင်ငံရေးအရ အချက်အချာကျသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြိုကွဲစေရန် ဝဿကာရနည်းလမ်းဖြင့် အကောက်ကြံ၊ ခလောက်ဆန်လျက်ရှိကြသည်။ ဝဿကာရသည် အဇာတသတ်မင်း၏ အမတ်ကြီးတစ်ဦးဖြစ်သည်။

မြတ်စွာဘုရားရှင်လက်ထက်တော် ကာလတွင် ဝဇ္ဇီတိုင်းသည် မဂဓ၊ ကောသလတိုင်းနိုင်ငံကြီးများအနီးရှိ တိုင်းပြည်ငယ်လေးမျှသာ ဖြစ်သည်။ သို့သော်လည်း တိုင်းပြည်လေးကို နိုင်ငံကြီးများက ချိုးနှိမ်၍မရပါ။ တိုင်းပြည်၏ အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်လာခဲ့ကြသော လိစ္ဆဝီအမျိုးသားများက အညီအညွတ်လက်တွဲ၍ သူတို့နိုင်ငံကို ကာကွယ်ထားနိုင်ကြပေသည်။ ဝဇ္ဇီတို့သည် ဆင်၊ မြင်း၊ ရထားမှစ၍ စစ်ဆင်ရေးအတတ်မျိုးစုံကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ထားကြသည်။ နိုင်ငံကြီးများလောက် စစ်အင်အားမများသော်လည်း သူတို့၏ တိုက်ရည်ခိုက်ရည်ကို နိုင်ငံကြီးများက အလေးမူကြရ၏။ အဆက်မပြတ်စစ်ရေးလေ့ကျင့်နေကြသဖြင့် သူတို့၏ အရည်အသွေးများက တရှိန်ရှိန်တက်လျက်ရှိ၏။ ဤသို့သော အရည်အချင်းများဖြင့် အဇာတသတ်၏ စစ်တပ်ကြီးများအပေါ် နှစ်ကြိမ်တိုင်တိုင် အသာစီးရယူနိုင်ခဲ့သည်။

ဤတစ်ကြိမ်တွင်မူ အဇာတသတ်မင်းသည် ဝဿကာရအမတ်ကြီး၏ **“ဝဇ္ဇီတို့ကို စစ်ရေးဖြင့် မချေမှုန်းသင့်ပါ။ ဖြားယောင်းသွေးဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ သူတို့အချင်းချင်းသင်းခွဲပေးခြင်းဖြင့်သော်လည်းကောင်း သူတို့ကို ချေမှုန်းရပါတော့မည်”**ဟူသည့် အကြံပေးချက်အရ သွေးခွဲသပ်လျှိုခဲ့မှုကြောင့် အဆုံးတစ်နေ့ဝယ် တံတိုင်းသုံးဆင့်ဖြင့် ကြီးကျယ်ခမ်းနားခဲ့သော ဝဇ္ဇီတိုင်း၏ မြို့တော် ဝေသာလီသည် မရှုမလှပြိုကွဲပျက်စီးသွားခဲ့ရလေသည်။

တစ်ချိန်က အင်အားကြီး ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံတို့သည်လည်း ပြိုင်ဘက်နိုင်ငံများ၏ သွေးခွဲသပ်လျှိုမှုကြောင့် ဝေသာလီပြည်သို့နှယ် ပြိုကွဲပျက်စီးသွားခဲ့ရခြင်းဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် အတိတ်သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး ခေတ်သစ်ဝဿကာရတို့၏ အန္တရာယ်ကိုအသိ၊ သတိတို့ဖြင့် မပြတ်ဆင်ခြင်သတိပြုမိကြစေရန် ၂၀၂၄ ခုနှစ် (၇၇)ကြိမ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော် M-Gallery Hotel တို့ပူးပေါင်း၍ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် M-Gallery Hotel ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် လုပ်ငန်းခွင်အတွက်အရေးပါသည့် အကြောင်းအရာများကို စာတွေ့အပြင် လက်တွေ့ဆောင်ရွက်မှုများနှင့်အတူ ဆွေးနွေးပို့ချခြင်းဖြစ်သည့်အတွက် လေ့လာမှတ်သားကာ မိမိတို့ဌာနများ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများ၊ အခမ်းအနားများ၊ အစည်းအဝေးများ ဆောင်ရွက်ကြသည့်အခါ အဆင့်နှင့်လိုက်လျောညီထွေမှုရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းနှစ်ခုလုံးတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြကြသည်။



အဆိုပါ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂)သို့ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၃၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းအမှတ်စဉ်(၁)ကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၆ ဦး တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မိုဘိုင်းပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှု တားဆီးရေးအသိပညာပေး ဆွေးနွေးပွဲတက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် အွန်လိုင်းလိမ်လည်မှုနည်းလမ်းများ၊ ဖြစ်စဉ်များကို အစဉ်အမြဲလေ့လာသိရှိနေရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းသော်လည်းကောင်း၊ ဌာန၏ ငွေကြေးကိုင်တွယ်သုံးစွဲမှုများနှင့်စပ်လျဉ်း၍သော်လည်းကောင်း အွန်လိုင်းလိမ်လည်မှုများမခံရစေရေး သတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဦးစီးကျင်းပခဲ့သည့် မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုများ ဖြစ်ပေါ်လျက်ရှိမှုအခြေအနေ၊ တိုင်ကြားမှုများအပေါ် စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်မှု အခြေအနေ၊ အွန်လိုင်းလိမ်လည်မှုများ ဖြစ်ပွားနိုင်သည့် အခြေအနေ၊ အွန်လိုင်းလိမ်လည်မှုများ မခံရစေရေး လိုက်နာသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များမေးမြန်းခြင်း၊ မိမိတို့၏ အတွေ့အကြုံများကို မျှဝေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာ ဆိုလာစနစ်စိုက်ပျိုးရေရရှိရေးလုပ်ငန်း ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရွှေပြည်သာကျေးရွာအုပ်စု ဝဲကြီးကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးထားသည့် Mobile Solar စနစ်စိုက်ပျိုးရေရရှိရေးလုပ်ငန်းနှင့် ၎င်းလုပ်ငန်းဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်၊ ပြောင်း၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီနှင့် မြေပဲသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။



**သုံးရာသီစလုံးစိုက်ပျိုး**

ရွှေပြည်သာ ကျေးရွာအုပ်စု ဝက္ကမူကျေးရွာအနီး ပလွေးချောင်းအား Geotextile နည်းစနစ်ဖြင့် ချောင်းပိတ်မြောင်းပိတ် ပြုလုပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက 2.16 KW ဆိုလာနှစ်စုံဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကာ စိုက်ပျိုးဧက ၆၄ ဒသမ ၃၃ ဧကတွင် ငရုတ်၊ ပြောင်း၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီနှင့် မြေပဲသီးနှံများကို သုံးရာသီစလုံး စိုက်ပျိုးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေပြည်သာကျေးရွာအုပ်စု ဝဲကြီးကျေးရွာနှင့် သာယာစုကျေးရွာတို့မှ သမဝါယမအသင်းသားများ၊ တောင်သူများနှင့် တွေ့ဆုံ၍ ဆိုလာစက်ပစ္စည်းများနှင့် ချောင်းပိတ်ဆည်အား မိမိပိုင်ပစ္စည်းကဲ့သို့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး၊ စိုက်ပျိုးရေရရှိပြီဖြစ်၍ သုံးရာသီလုံး စဉ်ဆက်မပြတ် စိုက်ပျိုးကြရေး မှာကြားကာ ဒေသခံတောင်သူများ၏ တင်ပြချက်ဖြစ်သော လက်ရှိ ၆၄ ဒသမ ၃၃ ဧကအပြင် အခြား စိုက်ဧက ၁၀၀ တွင်လည်း ဆိုလာရေတင်စနစ် ပြုလုပ်ပေးနိုင်ရေး၊ ရွှေပြည်သာ ကျေးရွာအုပ်စုမှ ထွက်ရှိလာသော ငရုတ်၊ ပြောင်း၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီနှင့် မြေပဲသီးနှံများကို အာဟာရသုခဈေးသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေးအတွက် နေရာထပ်မံရရှိရေးကိစ္စများ ညှိနှိုင်းဆွေးနွေးသည်။

ယခုကဲ့သို့ ဆိုလာရေတင်စနစ် စီစဉ် ဆောင်ရွက်ပေးခြင်းဖြင့် ဝဲကြီးကျေးရွာနှင့် သာယာစုကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် သုံးရာသီလုံး စိုက်ပျိုးနိုင်၍ စိုက်ဧက တစ်ဧကအပေါ် ငွေကျပ်သိန်း ၁၀၀ ခန့် ဝင်ငွေရရှိနေပြီး ယင်းသီးနှံများကို နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းလျက် အာဟာရသုခဈေးတွင် တိုက်ရိုက်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာသို့ သွားရောက်ပြီး ကောင်းသစ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ နွေစပါး စိုက်ဧက ၄၀၀ စိုက်ပျိုးရန်အတွက် သမဝါယမအသင်းနှင့် အသင်းသားပိုင် ထွန်စက် ၁၁ စီး၊ John Deere ကုမ္ပဏီမှ ထွန်စက်တစ်စီးတို့ဖြင့် သမဝါယမလယ်ယာဝန်ဆောင်မှု ပေးနေသော လုပ်ငန်းကို ကြည့်ရှုအားပေးပြီး အသင်းသား တောင်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းအနေဖြင့် ဖေဖော်ဝါရီ ၂ ရက်တွင် စိုက်ဧက ၁၃၀ ထွန်ယက်ပြီးစီးမည်ဖြစ်ပြီး ကျန်စိုက်ဧက ၂၇၀ ကိုဆောင်းရာသီ မတ်ပဲသီးနှံ ရိတ်သိမ်းပြီးစီးမည့် ဖေဖော်ဝါရီလကုန်၌ ဆက်လက် ထွန်ယက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခေတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ် ၁ ခု ချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ကံမမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

ကံမ ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သရက်ခရိုင်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း စစ်ဆေးရေးလုပ်ငန်းများကို ဇန်နဝါရီ ၃၁ ရက်နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကံမမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွှန့် ဦးဆောင်သည့် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် ကံမမြို့နယ်ရှိ ရပ်ကွက် /ကျေးရွာများတွင် မီးသတိမူရေးဆော်သြခြင်းလုပ်ငန်းများနှင့် မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း မီးသတ်ဆေးဘူးများ အသင့်ဆောင်ရွက်ထားရှိမှုများ၊ မီးသုံးစွဲမှုများ၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှု(စနစ်ကျ/မကျ)များ စစ်ဆေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများမှ ကာကွယ်ရေး ပြည်သူလူထုသို့ အသိပေး တိုက်တွန်းနှိုးဆော်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး JN.1 ကူးစက်မှုကြောင့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု များပြားခဲ့ပါသည်။ မိမိတို့နိုင်ငံ၌လည်း JN.1 ကူးစက်မှုအား အတည်ပြုတွေ့ရှိထားပြီးဖြစ်ကာ လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါ အပတ်စဉ်ပိုးတွေ့ရှိရမှုအနည်းငယ် မြင့်တက်နေသည်ကို တွေ့ရပါသည်။

၂။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ အထူးသဖြင့် အောက်ပါအခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)တပ်ဆင်သင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်/လေထွက် မကောင်းသော နေရာများတွင် ရှိနေချိန် (လူတစ်ဦးနှင့် တစ်ဦး ၃ ပေခြား၍ နေထိုင်ရန် မဖြစ်နိုင်သောအခြေအနေ)၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

(ဂ) ဆေးရုံ/ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ခြင်း၊

(ဃ) ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသူများ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို၊ သွေးတိုးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ ရှိသူများ၊ ကိုယ်ခံအားနည်းသူများ၊ အဝလွန်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများ၊ အထွေထွေကျန်းမာရေးမကောင်းသူများ)၊

(င) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း စသည့် လက္ခဏာများရှိခြင်း။

၃။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှု ခံယူခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေအား လျှော့ချနိုင်သည်ဖြစ်၍ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသော အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါ အခံရှိသူများနှင့် ကိုယ်ခံအားနည်းနေသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု ခံယူကြရန်နှင့် ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာ တစ်ခုခု ခံစားနေရပါက အခြားသူများသို့ ကူးစက်မှုမရှိစေရေး လူထူထပ်သော နေရာများနှင့် အလုံပိတ်နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် မသက်သာပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သော ဆေးကုသမှုခံယူကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
၁-၂-၂၀၂၄

## ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) အတွက် Logo Design ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးခြင်း




၁။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy ACMECS) အဖွဲ့အတွက် Logo Design ပြိုင်ပွဲကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါပြိုင်ပွဲသို့ အသက် ၁၅ နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ Logo Design ၏ Theme မှာ "ACMECS as an adaptive and forward-looking sub-regional cooperation framework and connector with other sub-regional and regional frameworks towards a prosperous and sustainable Mekong sub-region" ဖြစ်ပါသည်။ ပြိုင်ပွဲလျှောက်လွှာများကို ACMECS Interim Secretariat ၏ အီးမေးလ် acmecs.sec@gmail.com သို့ **၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ** ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ အက်ခ်မက် Logo Design ပြိုင်ပွဲဝင်သူများ သိရှိလိုက်နာရန်နှင့် နည်းပညာဆိုင်ရာ အဓိကအချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ပြိုင်ပွဲဝင်သူသည် Logo Design ရေးဆွဲသူကိုယ်တိုင်ဖြစ်ရမည်။ Logo Design သည် မူရင်းဖြစ်ရမည်။ အငြင်းပွား/ကန့်ကွက်ဖွယ်ရာများ မပါရှိရ၊ အခြားအဖွဲ့အစည်း၏ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးကို ဖောက်ဖျက်ခြင်းမရှိရ။

(ခ) ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ACMECS Interim Secretariat တို့သည် ပြိုင်ပွဲဝင် Logo Design နှင့် ပတ်သက်သည့် မူပိုင်ခွင့်ချိုးဖောက်မှု၊ ဉာဏပိုင်ဆိုင်မှုချိုးဖောက်မှုများနှင့် ပြင်ပအဖွဲ့အစည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တာဝန်မယူပါ။

(ဂ) ဆုရရှိသည့် Logo Design သည် ACMECS Interim Secretariat ၏ ဉာဏပိုင်ဆိုင်မှုဖြစ်ပြီး ဆုရရှိသူအနေဖြင့် ဆုလက်ခံပြီးသည့်အချိန်မှစ၍ ၎င်း Logo Design နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမှ ခံစားနိုင်မည်မဟုတ်ပါ။

(ဃ) ပြိုင်ပွဲဝင်များသည် Logo Design ကို JPEG/PNG/PDF ဖိုင်အမျိုးအစားဖြင့် ပေးပို့ရမည်။ Logo သည် High Resolution နှင့် အနည်းဆုံး 300 DPI အရွယ်အစား ဖြစ်ရမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေးဆွဲထားသော Logo ဖြစ်ရမည်။ ပြိုင်ပွဲဝင်များသည် Logo Design ကို ရေစာ (imprint/watermark) ကဲ့သို့ ရေးဆွဲ၍ မရပါ။ Logo Design သည် အရောင်ဖြင့်ဖြစ်ရမည်။

(င) ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို အချိုးအစား အတိအကျ ဖော်ပြထားသည့် Specification Sheet ဖြင့် Final Design၊ Theme Synopsis နှင့် Concept တို့နှင့်အတူ ပေးပို့ရမည်။ ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို ပြုပြင်နိုင်သော Open File Format ဖြင့်လည်း ပေးပို့ရမည်။

၄။ ပြိုင်ပွဲဝင်များအား အောက်ပါအတိုင်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် လျှောက်လွှာများကို ACMECS Interim Secretariat မှ စိစစ်လက်ခံ၍ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဆုရွေးချယ်ရေးကော်မတီမှ အကဲဖြတ်ရွေးချယ်မည်ဖြစ်သည်။

(ခ) ပြိုင်ပွဲဝင်လျှောက်လွှာများကို တီထွင်ဆန်းသစ်မှု၊ မူပိုင်ဒီဇိုင်းဖြစ်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ နည်းပညာဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ရိုးရှင်းမှု၊ အနုပညာ ဆန်မှု၊ အမြင်သင့်လျော်မှုနှင့် Logo Design ၏ Theme နှင့် လိုက်လျောညီထွေရှိမှုတို့အပေါ် အခြေခံ၍ အကဲဖြတ်သွားမည်။

(ဂ) သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ACMECS Interim Secretariat မှ အသုံးပြုမည်မဟုတ်ပါ။ ပြိုင်ပွဲ/ပြိုင်ပွဲဝင်လျှောက်လွှာများ/ ဆုရရှိသူများနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ ဆောင်ရွက်ရန်ကိစ္စရပ်တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုင်းနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ ပြိုင်ပွဲလျှောက်လွှာပုံစံ (Application Form)၊ Terms and Conditions နှင့် ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို https://shorturl.at/zAJOW နှင့် ပူးတွဲကြော်ငြာချက်ပါ QR Code တို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။



## လက်ပံတန်းမြို့၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်

လက်ပံတန်း ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးလင်းကျော်၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ရပ်ကွက်နေ ပြည်သူများအား မီးသုံးစွဲခြင်းနှင့်ပတ်သက်၍ တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းများကို ယမန်နေ့က ဆောင်ရွက်ခဲ့ပြီး မီးသုံးစွဲရာ၌ ရေပုံး၊ သဲပုံးများ အနီးထားရှိ၍ သုံးစွဲရန်နှင့် အိမ်အနီးပတ်ဝန်းကျင်တွင် အမှိုက်များ မရှိစေရေး ပညာပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

### ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများ ဆက်ကပ်လှူဒါန်း

**မုံရွာ ဖေဖော်ဝါရီ ၁**

မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများတွင် သီတင်းသုံးတော်မူနေကြသော ဆရာတော်၊ သံဃာတော်များ ဆွမ်းအခက်အခဲမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ကြီးတွင် ကျင်းပသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဇောတိပါလာ လင်္ကာရ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများ ဆက်ကပ်လှူဒါန်းကြကာ အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီးသို့ရောက်ရှိရာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒဝံသ ဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ကျင်းပလျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရေဦးခရိုင် ဘောလုံးအသင်းနှင့် ခန္တီးခရိုင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး( ပြန်/ဆက်)






# ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းများကို ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

ထိုသို့ အသိပညာပေးဟောပြောရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်နိုင်ထွန်းတို့က ရှင်းလင်းပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအား အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကာ မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်ရာတွင် ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂက်စ်မီးဖိုများ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်ငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက စမ်းချောင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးသူရဆွေ ဦးဆောင်သည့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြို့နယ်အတွင်းရှိ ရပ်ကွက်လူနေအိမ်များ၊ ဈေးများ၊ ဆိုင်များ၊ အလုပ်ရုံများသို့ ကွင်းဆင်းပြီး မီးဘေးသတိရှိရေး၊ မီးသတ်ဆေးဘူးများ အသင့်ထားရှိရေး၊ လျှပ်စစ်ကြိုးများ စနစ်တကျသွယ်တန်းထားမှု ရှိ၊ မရှိ လိုက်လံစစ်ဆေး၍ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ်။

သျှင်ဝင်းသျှင်

# တာလေမြို့၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**တာလေ ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (တာလေ)၌ ကျင်းပသည်။



ဦးစွာ ခေတ္တတပ်နယ်မှူး ဗိုလ်မှူးထွန်းမျိုးအောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်းက ကလေး သူငယ်များအတွက် သဘာဝ ဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆောင်ရွက်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကြုံတွေ့နိုင်သည့် အခက်အခဲများကို ပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းကိရိယာများ အသုံးပြု၍ အောင်မြင်စွာ ကျော်ဖြတ်နိုင်စေရေးအတွက် ဂိမ်းကစားနည်း ၁၀ မျိုးဖြင့် သရုပ်ပြသလေ့ကျင့်သင်ကြားပေးရာ မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အလားတူ မွန်းလွဲ ၂ နာရီက မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်)၌ ဆက်လက်ကျင်းပရာ ခေတ္တစစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်များ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကြည်ညွန့်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သန်းဇော် (ပြန်/ဆက်)



# ထန်းတပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ထန်းတပင် ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနက ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဇန်နဝါရီ ၃၁ ရက်က မြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသိပညာပေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အိမ်တိုင်းတွင် တောင့်တင်းခိုင်မာသော မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး အသင့်ထားရှိရန်၊ မီးဖိုအား မီးမလောင်လွယ်သော သွပ်ပြား၊ သံပြား၊ အုတ် စသည်တို့ဖြင့် စနစ်တကျခင်း၍ အသုံးပြုရန်၊ မီးဖိုအသုံးပြုတိုင်း လူစောင့်အမြဲရှိရန်နှင့် မီးကွင်း၊ မီးကျန်များကို စနစ်တကျငြိမ်းသတ်ရန်၊ မီးဖိုအနီး လောင်စာဆီနှင့် လောင်စာပစ္စည်းများ မထားရန် စသည့်မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို မြို့နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံစွာ အဆင်သင့်တပ်ဆင်ထားရှိရေးတို့ကို အသိပညာပေးခြင်းနှင့် လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မုဒုံမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပေးနှိုးဆော်

**မုဒုံ ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပြည်သူများအား မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များအား အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဖုန်းမြင့်အေး ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၃၀ ရက်က မြို့ပေါ်နှင့် ဘဲရမ်း၊ ကွမ်တာကျေးရွာများအတွင်းသို့ မီးသတ်ယာဉ်ဖြင့် လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့အေဂျင်စီ၏ လုပ်ငန်းလည်ပတ်မှုယန္တရားကို ဆွေးနွေး

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့အေဂျင်စီ (UNRWA) ၏ လုပ်ငန်းလည်ပတ်မှုယန္တရားကို ဆွေးနွေးရန်အတွက် ဇန်နဝါရီ ၃၀ ရက်တွင် တံခါးပိတ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်ဟားမတ်စ်တိုက်ခိုက်မှုတွင် ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့အေဂျင်စီ၏ ဝန်ထမ်းအချို့ပါဝင်ပတ်သက်ခဲ့ကြောင်း အစ္စရေးအစိုးရက စွပ်စွဲထားသည်။

အဆိုပါ စွပ်စွဲချက်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့် အခြားသော အဓိကအလှူရှင်နိုင်ငံများက ရန်ပုံငွေထောက်ပံ့မှုကို ရပ်ဆိုင်းခဲ့ရာ ကုလသမဂ္ဂတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်နိုင်ငံအပါအဝင် အခြားအလှူရှင်နိုင်ငံများက အေဂျင်စီ၏ လုပ်ငန်းလည်ပတ်ပုံ၊ ဝန်ထမ်းများ၏ စီမံခန့်ခွဲပုံနှင့် ရာဇဝတ်မှုကျူးလွန်သူများကို ကုလသမဂ္ဂ အရာရှိများက မည်သို့ အရေးယူကိုင်တွယ်ဖြေရှင်းမှုများ ဆောင်ရွက်မည်ကို စောင့်ကြည့်လျက်ရှိကြောင်းနှင့် ထိရောက်စွာကိုင်တွယ်ဖြေရှင်းမှုမရှိပါက ၎င်းတို့၏ ကူညီထောက်ပံ့မှုများကို ပေးမည်မဟုတ်ကြောင်း အမေရိကန်သံအမတ်ကြီး လင်ဒါသောမက်စ် ဂရင်းဖီးလ်က ပြောကြားသည်။

သို့သော် ဂါဇာရှိ ကုလသမဂ္ဂ၏ အကြီးတန်းလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဆီဂရစ်ကာဂ်က ရန်ပုံငွေရရှိခြင်းကြောင့် အရပ်သားများ၏ အသက်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့အေဂျင်စီ၏ ဂါဇာကမ်းမြောင်ဒေသရှိ အသိပညာနှင့် ၎င်း၏စွမ်းရည်တို့ကို မည်သည့်အဖွဲ့အစည်းကမျှ အစားထိုးမရနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်တို့၏ မြေအောက်ဥမင်လိုဏ်ခေါင်းကွန်ရက်ကို အစ္စရေးစစ်တပ်က ရေသွင်းဖျက်ဆီး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁**

ဂါဇာကမ်းမြောင် ဒေသရှိ ဟားမတ်စ်တို့၏ မြေအောက် ဥမင်လိုဏ်ခေါင်း ကွန်ရက်ကို ရေလွှမ်းမိုးရန်အတွက် လိုဏ်ခေါင်းအတွင်း ပင်လယ်ရေသွင်းခဲ့ကြောင်း အစ္စရေးစစ်တပ်က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသရှိ သောက်သုံးရေရင်းမြစ်အများစုကို ဖျက်ဆီးခဲ့သောကြောင့် စိုက်ပျိုးရေးကို ထိခိုက်နိုင်သည်ဟု ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူအချို့က သတိပေးခဲ့သည်။ ယင်းစစ်ပွဲအတွင်း အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ရှိ မြေအောက်အကြမ်းဖက်သမားများ၏ အခြေခံအဆောက်အအုံများကို ပျက်ပြယ်စေမည့် နည်းလမ်းအသစ်များကို အကောင်အထည်ဖော်ခဲ့ပြီး ဥမင်လိုဏ်ခေါင်းများအတွင်းသို့ ရေအများအပြားသွင်းယူခဲ့ကြောင်း သိရသည်။



ဥမင်လိုဏ်ခေါင်းများ အတွင်းသို့ ရေသွင်းသည့် ကိစ္စရပ်ကို ချိန်ဆဆောင်ရွက်ခဲ့ပြီး ရည်ရွယ်ချက်မှာ ဟားမတ်စ် အဖွဲ့ဝင်များအား ပုန်းခိုရာမှ ထွက်လာစေရေးသာဖြစ်၍ မြေအောက်ရေစနစ်ကို ထိခိုက်စေရေးအတွက် မရည်ရွယ်ကြောင်း အစ္စရေးတပ်ဖွဲ့က ထပ်လောင်း ပြောကြားသည်။

အစ္စရေး၏ ကိန်းဂဏန်းများအရ ဟားမတ်စ်၏ ဥမင်လိုဏ်ခေါင်းများသည် ကမ်းရိုးတန်းပါလက် စတိုင်းနယ်မြေအောက် ကီလိုမီတာ ၅၆၀ မှ ၇၂၅ ကီလိုမီတာအထိ ရှည်လျားကြောင်း သိရသည်။ အစ္စရေးတပ်ဖွဲ့က ဂါဇာဒေသ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ထိုးစစ်ဆင်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ အနည်းဆုံး ပါလက်စတိုင်း ၂၆၇၅၁ ဦး သေဆုံးကာ ၆၅၆၃၆ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဖျက်သင်္ဘော Sazanami အေဒင်ပင်လယ်ကွေ့သို့ ထွက်ခွာ

**တိုကျို ဖေဖော်ဝါရီ ၁**

အေဒင်ပင်လယ်ကွေ့တွင် ဟူသီသူပုန်များ၏သင်္ဘောများကို တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေချိန်တွင် ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဖျက်သင်္ဘော Sazanami သည် အေဒင်ပင်လယ်ကွေ့တွင် ပင်လယ်ဓားပြနှိမ်နင်းရေး စစ်ဆင်ရေးဆောင်ရွက်ရန် ဂျပန်နိုင်ငံမှ ထွက်ခွာသွားခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

Sazanami သည် လက်ရှိတွင် အဆိုပါဒေသ၌ ပင်လယ်ဓားပြနှိမ်နင်းရေးမစ်ရှင်လုပ်ဆောင်နေသည့် ဖျက်သင်္ဘော Akebono နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

Sazanami သည် သင်္ဘောသား ၂၀၆ ဦးနှင့်အတူ ယနေ့တွင် ဟီရိုရှီးမားစီရင်စု Kure ရှိ ၎င်း၏အခြေစိုက်စခန်းမှ ထွက်ခွာသွားခဲ့သည်။

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးရေယာဉ်စုမှ ရေတပ်ဗိုလ်ချုပ် Kawamura Shinichi က Sazanami ဖျက်သင်္ဘောတပ်ဖွဲ့ထားသည့် ရေပြင်တွင် အကြမ်းဖက်ပင်လယ်ဓားပြမှုများ ဖြစ်ပွားနိုင်သော်လည်း အဆိုပါ ဖျက်သင်္ဘောသည် တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဟူသီသူပုန်များသည် ပင်လယ်နီအတွင်းနှင့် ပင်လယ်နီတစ်ဝိုက်တွင် ရေကြောင်းသွားလာနေသော ရေယာဉ်များကို အကြိမ်ကြိမ် တိုက်ခိုက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဓာတ်အားပေးစက်ရုံတစ်ရုံ မီးလောင်

**တိုကျို ဖေဖော်ဝါရီ ၁**

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဓာတ်အားပေးစက်ရုံတစ်ရုံ၌ ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာ၌ ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း မီးသတ်ဌာန တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီ ၃၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခန့်တွင် တာကီတိုယို ဓာတ်အားပေးစက်ရုံ၌ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း ဒေသန္တရသတင်းမီဒီယာများက သတင်းဖော်ပြသည်။

ယင်း ဓာတ်အားပေးစက်ရုံသည် အိချီစီရင်စုတွင် တည်ရှိပြီး စက်ရုံအတွင်းမှ အနက်ရောင်မီးခိုးများ မြင့်တက်လာသည်ကို မြင်တွေ့ရကြောင်း စက်ရုံအနီးနေထိုင်သူအချို့က ပြောသည်။ ကနဦးသတင်းများအရ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

**ကီလိုဝပ် တစ်သန်းထက် ပိုထုတ်နိုင်**

အဆိုပါ ဓာတ်အားပေးစက်ရုံသည် အမြင့်ဆုံး ဓာတ်အား ကီလိုဝပ် တစ်သန်းထက် ပိုထုတ်နိုင်ပြီး နိုင်ငံအတွင်းရှိ အကြီးဆုံး အပူဓာတ်အားပေးစက်ရုံများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်ပြီး မီးသတ်ဌာနက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ကီလို ၅၀ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ၅၀ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်းမပေါ်တွင် တင့်ဇော် မောင်းနှင်ပြီး မိုးနိုင်စိုး(ခ)ရွှေသီးနှင့် နဝရတ်ထွန်းတို့လိုက်ပါလာသည့်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၃၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းမိတရားခံ တင့်ဇော်နှင့် နဝရတ်ထွန်းတို့ နေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိနေအိမ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၁၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း၊ တင့်ဇော် ငှားရမ်းထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် သခင်အုန်းဖေကြီးလမ်း ခြံဝင်းအတွင်းရှိ TOYOTA ALPHARD ယာဉ်နှင့် Container Box အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ ကက်တမင်း ၅၀ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁၀ ကီလိုကိုလည်းကောင်း ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂၀၄ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ဒသမ ၀၁၅ ကီလိုနှင့် ကက်တမင်း ကီလို ၅၀ သိမ်းဆည်းရမိခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ကျော်ဇေယျာညွန့်(ခ)ကျော်ဇေယျ(ခ)ကြောင်ပူအား တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် အနောက်မြို့ရှောင်လမ်းရှိ ဟိုတယ်တွင် ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်၍ ခေတ္တသိုလှောင်ထားရှိကာ ယင်းမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ပုလဲမြို့နယ် ကံကြီးရွာကို တပ်မတော်က လေကြောင်းမှုပုံးကြဲခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ



DVB
ပုလဲမြို့နယ် ကံကြီးရွာကို စစ်တပ်ကဗုံးကြဲ၊ အမျိုးသမီး ၁ ဦး သေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရ
DVB - February 1, 202
စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ကံကြီးရွာကို ဒီနေ့ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီလောက်မှာ စစ်ကောင်စီက လေယာဉ်နဲ့ ပစ်ခတ်ဗုံးကြဲခဲ့တာကြောင့် အမျိုးသမီး ၁ ဦး သေဆုံး၊ ၁၅ ဦးလောက် ဒဏ်ရာရခဲ့ပြီး နေအိမ်တွေလည်း ပျက်စီးခဲ့တယ်လို့ ဒေသခံတွေဆီက



နေပြည်တော် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးရွာကို ဇန်နဝါရီ ၃၁ ရက်တွင် တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ၁၅ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ်များလည်း ပျက်စီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်ရာတွေ့ရှိရသည်။

### နေအိမ်များမီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိ

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကို အဓိကထား၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ Drone များဖြင့် ဗုံးကြဲခြင်း၊ လက်လုပ်ဗုံးသီး၊ လက်လုပ်စိန်ပြောင်းများဖြင့် ကျေးရွာများအတွင်း ပစ်ခတ်ခြင်းများကြောင့် ပြည်သူများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရရှိခြင်းများနှင့် နေအိမ်များမီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိသည်။

ယခုဖြစ်စဉ်တွင်လည်း ပုလဲမြို့နယ် ကံကြီးရွာကို တပ်မတော်ကဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရပြီး မြေပြင်သတင်းပေးပို့ချက်အရ အကြမ်းဖက်လုပ်ရပ်များကိုအားပေးထောက်ခံခြင်းမရှိသည့် ကံကြီးကျေးရွာကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက Drone များဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့်သာဖြစ်ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U နှင့် Neta V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Seagull အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များနှင့် ဆိုင်ကယ်အပိုပစ္စည်းများ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α T အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၂-၂၀၂၄ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောရှုက်သုတ်အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၄ခုနှစ်၊ဇန်နဝါရီလ)(ပထမပိုင်း)
- ၀၉:၃၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၄၅ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၂၁)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငြိမ့်
- ၁၇:၀၅ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၄ခုနှစ်၊ဇန်နဝါရီလ)(ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် **'တေးသံဖြာဝေပနောင်မြေ'** တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **'ရုပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၂)

**mitv**

- 07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- 07:12 A Grate Musician of A Horn Violin
- 07:37 Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
- 07:52 Myanmar Puppeteers (Ogre Dance)
- 08:01 News
- 08:26 A Song for Unity
- 08:34 Tour around Kyaukse
- 08:50 Egg Shell
- 09:01 Listening Pleasure, Instrumental Music (Mandolin) Glory of Love
- 09:13 Irrawaddy Dolphin (Part-1)
- 09:28 Fine Arts Podium (Conch Shell Wind Instrument)
- 09:43 Frishery Products: Pickled Prawn Business
- 10:01 News
- 10:26 Topical Topics (No. 38) Create Safe and Secure Workplaces for Insured Workers

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ(မီးပြတိုက်)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** တိုင်းနေ့'အထက်ရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** "ဝ"ရိုးရာတူရိယာဆိုင်ရာ အခေါ်အဝေါ်များ
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ကြက်သားဆန်လှော်ချက်ကြမယ်
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ပညာရပ်များစွာဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၂)
- **ဝကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** ထူးဆန်းပွေ့ရှာဝလေ့ရိုးရာ(စပါးလိပ်ပြာခေါ်ပွဲအကြောင်း)
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** မိတ္ထီလာကန်သို့အလည်တစ်ခေါက်
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** အိပ်ငနောက်ပေးတွင် ဈေးဆိုင်တည်ခြင်း
- **ချင်း (ဖလမ်း) (၁၉:၀၀ မှ ၂၀:၀၀)** ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကကြံဆစ်
- **ချင်း (ဇိုမီး) (၂၀:၀၀ မှ ၂၁:၀၀)** ရှေးခေတ်ချင်း(ဇိုမီး)တို့၏ပေတ္တာမှုတေး
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** သစ်တိုသီးဝက်သားချက်နှင့်မှုစ်ဟင်းရည်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ ရသစုံစွာ၌မြေကဗ္ဗ
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပကောင်းဆိုးဝါး'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်သီ (အပိုင်း-၉)
- ၁၈:၀၀ Economic Review (အပိုင်း-၃၃) "ON LINE ကရေးဝယ်ရာတွင် သတိထားရမည့်အချက်များ"

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၅ "စိုက်ပျိုးမွေးမြူသုတဘဏ်"
- ၀၇:၀၀ ရိုက္ခာပြည့်ဖြိုးဝင်ငွေတိုးပူလုံကြွယ်ဝ သားငါးကဏ္ဍ
- ၁၈:၀၀ ပြောကြည့်လေရင်ထဲပေါ်သွားတာပေါ့ (ဇာတ်လမ်း)ဒါရိုက်တာ-ဩရသ၊ သရုပ်ဆောင်-ဇေရဲထက်၊ ဖွေးဖွေး
- ၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm





# ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့တော်ခန်းမအရှေ့ မဟာဗန္ဓုလပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ထိပါးစော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သမားများနှင့် ဘာသာဖျက်များအား ကန့်ကွက်ရှုတ်ချပွဲကို ကျင်းပသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် သံဃာတော်များနှင့် မျိုးချစ်ပြည်သူများက ဘာသာသာသနာအပေါ် အလေးအနက်ထားထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဟောပြောဆွေးနွေးခြင်းနှင့် သဘောထားထုတ်ပြန်ချက်များ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ပြီး တက်ရောက်လာကြသူများက "ဒို့ဘာသာ၊ဒို့သာသနာကို စော်ကားသူ မှန်သမျှ(ဆန့်ကျင်ကြ)၊ အကြမ်းဖက် အားပေးလောက်ကောင် မှန်သမျှ(ဆန့်ကျင်ကြ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (အလိုမရှိ)၊ ဒို့ဘာသာကို စော်ကားနေသည့် သာသနာဖျက်လောက်ကောင်များ (အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်များအား အမြစ်ဖြုတ်သုတ်သင်ရေး(ဒို့အရေး)၊ လူသတ်အကြမ်းဖက်မှန်သမျှ (ဆန့်ကျင်ကြ)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား စော်ကားဖျက်ဆီးသူ (ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ကျောဖုံးမှ**

အမျိုးသားဥယျာဉ်ကြီးများကို ထိန်းသိမ်းခြင်းသည် ဇီဝအဝန်းနယ်မြေကို တည်ထောင်နိုင်ခြင်းဖြစ်ပြီး လူနှင့်သဘာဝသဟဇာတဖြစ်တည်မှုကို ပေါင်းစည်းပေးခြင်းဖြစ်၍ သာယာလှပသောကမ္ဘာကြီး တည်တံ့ဖွံ့ဖြိုးမှုအကျိုးကျေးဇူးကို ခံစားရရှိစေနိုင်မည်ဖြစ်သည်။ ဇီဝရပ်ဝန်းထူထောင်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုကို ဖြစ်ထွန်းစေလျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများရှင်သန်ရာ အမျိုးသားဥယျာဉ်ကြီးများ တည်တံ့ခိုင်မြဲမှုသည် လူသားတို့အတွက် စီးပွားရေး၊ လူမှုရေးနှင့် ဂေဟဗေဒစနစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်လျက်ရှိရာ ကမ္ဘာ့လူသန်း ၂၅၀ ကျော်၏ ဘဝများနှင့်လည်း သက်ဆိုင်လျက်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များဖြစ်သည့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ နတ်မတောင် အမျိုးသားဥယျာဉ်၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အမျိုးသားရေးစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုအကျိုးရလဒ်မှ ကမ္ဘာ့ရာသီဥတုထိန်းညှိမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိရာ နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိသည်။



အင်းတော်ကြီးကန်ဘေးမဲ့တော၌ ရှားပါးမျိုးစိတ်ငှက်များကိုတွေ့ရစဉ်။

"နိုင်ငံမှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းဟာ အရေးကြီးလာတယ်လို့ ပြောရမှာပါ။ ထုတ်ယူသုံးစွဲမှုချည်းပဲလုပ်လို့မရပါဘူး။ ထိန်းသိမ်းမှုလည်းလုပ်ရမှာပါ။ နိုင်ငံအတွင်းမှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲ နယ်မြေတွေ၊ သဘာဝသယံဇာတတွေ၊ မှီခိုတောတွေအားလုံးမှာ ထုတ်ယူသုံးစွဲမှုအပြင် ထိန်းသိမ်းရမယ်။ ပြီးတော့ ရေရှည်ထုတ်ယူသုံးစွဲနိုင်တဲ့စနစ်ကို သွားရမှာပါ။ အဲဒီအပိုင်းမှာ စီမံအုပ်ချုပ်မှုအပိုင်းဟာလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ရည်မှန်းချက်က တစ်နိုင်ငံလုံးဧရိယာရဲ့ ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ သဘာဝနယ်မြေတိုးချဲ့တဲ့စနစ်ကို လုပ်ဆောင်သွားဖို့ရှိပါတယ်။ ရေတို၊ ရေရှည်စနစ်နဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို တည်ထောင်လုပ်ဆောင်မှုဟာ သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းသွားနိုင်ဖို့အတွက်ပါ။ မြန်မာနိုင်ငံမှာရှိတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအားလုံးဟာ အရေးကြီးပါတယ်။ သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစားမတူညီပေမယ့် သူ့အပေါ်စီမံအုပ်ချုပ်မှုနဲ့တန်ဖိုးဟာ အတူတူပါပဲ။ ဒါကြောင့် သဘာဝနယ်မြေဖြစ်တဲ့ အမျိုးသားဥယျာဉ်တွေ ရေရှည်တည်တံ့ဖို့အတွက် အားလုံးဟာ အရေးကြီးတယ်လို့ ပြောရတာပါ။ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်တဲ့ အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီးရှစ်ခုကို ထိန်းသိမ်းနိုင်ဖို့ သက်ဆိုင်ရာဌာနတွေ၊ နိုင်ငံတကာအသင်းအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ဝိုင်းဝန်းလက်တွဲဆောင်ရွက်နေပါတယ်။ အာဆီယံမှာဆိုရင် မြန်မာနိုင်ငံဟာ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို ထိန်းသိမ်းမှုအဆင့်ဟာ ထိပ်ပိုင်းမှာရှိနေပါတယ်"ဟု နတ်မတောင် အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၌ သဘာဝထိန်းသိမ်းရေးနယ်မြေအမျိုးအစားများဖြစ်သည့် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊ ဒေသအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေတို့ဖြင့် အမျိုးအစားများ ခွဲခြားထားပြီး သဘာဝနယ်မြေ အမျိုးအစား များအလိုက် အကျိုးပြုလျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံအနေဖြင့် ထိပ်ပိုင်း၌ရပ်တည်လျက်ရှိရာ ယနေ့အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခုအထိ တိုးချဲ့တည်ထောင်ထား၍ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းအထိ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်တည်ထောင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

■ **ချယ်လ်ဆီးမှ**

ဇိုဘော့စ်ဇ်လိုင်းနဲ့ ၇၉ မိနစ်မှာ လူးဝစ်ဒိုင်ယက်ဇ်တို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၇၁ မိနစ်မှာ ခရစ္စတိုဖာအင်န်ကွန်ကူက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာ ချယ်လ်ဆီးအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိမယ့်အခွင့်အရေးရရှိခဲ့ပေမယ့် ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို ဒါဝင်နူနက်ဇ်က ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့လို့သာ လေးဂိုး-တစ်ဂိုးဆိုတဲ့ရလဒ်နဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

နည်းပြကလော့ရဲ့ လီဗာပူးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်ရှိ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တဲ့အပြင် ဖေဖော်ဝါရီ ၂၅ ရက်မှာလည်း ချယ်လ်ဆီးအသင်းနဲ့ ဝင်ဘလေကွင်းမှာ အီးအက်ဖ်အယ်လ် ဖလားနောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရဦးမှာလည်း ဖြစ်ပါတယ်။

လက်ရှိ ပရီမီယာလိဂ်ပွဲစဉ်(၂၂) ယှဉ်ပြိုင်ကစားပြီးချိန်မှာ လီဗာပူးအသင်းက ရမှတ် ၅၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁)၊ မန်စီးတီးအသင်းက တစ်ပွဲလျော့ကစားထားပြီး ရမှတ် ၄၆ မှတ်နဲ့ အဆင့်(၂)၊ အာဆင်နယ်အသင်းက ၄၆ မှတ်နဲ့ အဆင့်(၃)၊ စပါးအသင်းက ၄၃ မှတ်နဲ့ အဆင့်(၄) ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

✪ **မြန်မာ့လက်ရွေးစင်တင်းမှ**

ယခုဒုတိယအကြိမ် လေ့ကျင့်ရာတွင် ခြေစမ်းပွဲထပ်မံကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်တွင်းကလပ်များတွင် ကစားနေသူအများစုဖြင့် လေ့ကျင့်နေခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းမှာလည်း မတ်လတွင် စတင်ကျင်းပမည့် MNL Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဂိုးကို ဟိန်းထက်အောင်က သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ဂိုးကို သိန်းဇော်သီဟက သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယအကြိမ်လေ့ကျင့်မှုအဖြစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ လေ့ကျင့်နေခြင်းဖြစ်ပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာ သက်ဆိုင်ရာကလပ်များနှင့် လေ့ကျင့်နေသဖြင့် ပြည်တွင်းကလပ်များတွင် ကစားနေသူများကိုသာ ဦးစားပေးလေ့ကျင့်ပေးနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲသုံးပွဲကစားထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေးအတွက် အိုးအိမ်များ အားဖြည့်ပြင်ဆင်မွမ်းမံခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်ပြီး မော်လမြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသောနေအိမ်များအား မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၃၁ ရက်က ကျောက်တန်းရပ်ကွက်နှင့် ငွေးကုန်းရပ်ကွက်တို့၌ ဆောင်ရွက်ပြင်ဆင်ခြင်းများကို စတင်ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

နွေဦးကာလနှင့် မိုးကြိုကာလ ရာသီပြောင်းချိန်တွင် မုန်တိုင်းကျရောက်လေ့ရှိသဖြင့် အသိပညာပေးရန်နှင့် ရပ်ကွက်/ကျေးရွာအတွင်းရှိ နေအိမ်ပြုပြင်ရန် အခက်အခဲရှိသော အိမ်ထောင်စုများ၊ ကြံ့ခိုင်မှုမရှိသော နေအိမ်များနှင့် အိုမင်းမစွမ်း အိမ်ထောင်စုတို့၏ နေအိမ်များကို လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းပါးစေရန် မော်လမြိုင်မြို့နယ် မုပွန်ရပ်ကွက်၊ ကျောက်တန်းရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ ငန်းတေးရပ်ကွက်နှင့် ငွေးကုန်းရပ်ကွက်တို့ရှိ နေအိမ်ပြုပြင်ရန် အခက်အခဲရှိပြီး ကြံ့ခိုင်မှုမရှိသောနေအိမ်များကို မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်/ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့စေတနာရှင် လုပ်အားပေးများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်းပြီး နေအိမ်များ ကြံ့ခိုင်စေရန်အားဖြည့် ပြင်ဆင်ပြုလုပ်ပေးခြင်းကို မွန်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှု၍ အားပေးစကားများ ပြောကြားခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁**



အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Royal Venus ရေယာဉ်သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် စားသောက်ကုန်များ၊ စားသုံးဆီ၊ ကျန်းမာရေးသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများနှင့် ထော်လာဂျီယာဉ်ငါးစီးအပါအဝင် စုစုပေါင်းတန်ချိန် ၂၄၅၅ ဒသမ ၆၈ တန် တင်ဆောင်၍ ယနေ့ညနေပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များ အပါအဝင် ရေယာဉ် ၄၂ စင်းဖြင့် ဆောက်လုပ်ရေးသုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေး ပစ္စည်း စုစုပေါင်း ၆၄၆၇၆ ဒသမ ၀၉ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယင်းမာပင်မြို့၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းနှင့် ပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပ ဆောင်ရွက်

**ယင်းမာပင် ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)နှင့် ပူးပေါင်း၍ ဇန်နဝါရီ ၃၁ ရက်က စာရေးဆရာ သိုက်စိုးထွန်း(နတ်ရွာ)၏ သိတဲ့မြင်တဲ့အတိုင်းစာအုပ်မှ လူငယ်နှင့်ဆက်ဆံရေးဆောင်းပါး စာဖတ်ဝိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဝင်းက စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇင်မင်းဌေး၊ ဦးမျိုးမင်းဦး၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းအဖွဲ့ဝင် ဒေါ်မိုးမိုးမြင့်အေးနှင့် ဒေါ်နေမွန်စံတို့က စာရေးဆရာ သိုက်စိုးထွန်း(နတ်ရွာ)၏ "သိတဲ့မြင်တဲ့အတိုင်း"စာအုပ်မှ "လူငယ်နှင့် ဆက်ဆံရေးအကြောင်း" ဆောင်းပါးကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စာပေဝါသနာရှင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**စိုးစိုး(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၆၅ | ၂၈၁၅ | ၂၈၀၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၃၅ | ၂၈၂၀ | ၂၈၀၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၀ | ၂၈၅၀ | ၂၈၅၅ | ၃၀၈၀ | ၃၁၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၄၀ | ၂၉၃၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၆၀ | ၂၉၄၅ | ၂၉၂၅ | ၃၀၂၀ | ၃၀၄၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၇၅ | ၂၉၇၅ | ၂၉၈၀ | ၃၂၁၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၈၅ | ၂၉၁၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဥတ္တရသီရိမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေးခြင်းများကို ဇန်နဝါရီ ၂၂ ရက်မှစတင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်းရှိ မိုးစွေကျေးရွာနှင့် သရက်တောကျေးရွာအုပ်စု စည်ပင်သာကျေးရွာများသို့ သွားရောက်ပြီး မီးဖိုအသုံးပြုသည့် နေအိမ်များ၊ အခြားမီးသုံးစွဲသည့် နေအိမ်များကို မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များအား လိုက်လံစစ်ဆေး မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



# ဗုဒ္ဓဘာသာအား လူငယ်များ ရိုသေကိုင်းရှိုင်းတတ်စေရန်အတွက် ဗုဒ္ဓမာမက ဗုဒ္ဓယဉ်ကျေးမှုအသင်းက သင်ကြားမွေးထုတ်ပေးလျက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၁

အင်တာနက်ခေတ်တွင် ဗုဒ္ဓဘာသာအား လူငယ်များ ရိုသေကိုင်းရှိုင်းတတ်စေရန်အတွက် ဗုဒ္ဓမာမက ဗုဒ္ဓယဉ်ကျေးမှုအသင်းက သင်ကြား မွေးထုတ်ပေးနေကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓယဉ်ကျေးမှုအသင်းသည် လှိုင်သာယာမြို့နယ် အတွင်း ပဒံရပ်ကွက် မြစိမ်းရောင်ဘုရားလမ်းရှိ ဝိဇာတ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်တွင် တည်ရှိသည်။

အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည့်ကာလတွင် လူငယ်များ ဘာသာရေး၊ ယဉ်ကျေးမှုတို့နှင့် ကင်းကွာလာသည့် အခြေအနေတွင် ယင်းအသင်းက လူငယ်များကို ယဉ်ကျေးစေရန်၊ ဘာသာရေးနှင့် ပတ်သက်၍ သက်ဝင်ယုံကြည်တတ်စေရန် သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓဘာသာ ကလေးလူငယ်တွေ ဗုဒ္ဓစာပေကိုလေ့လာပြီး ဗုဒ္ဓဘာသာအတိုင်း နေနိုင်ထိုင်နိုင်ပြီးတော့ လိမ္မာယဉ်ကျေးပြီး သာသနာအတွက် အမျိုးကောင်းသားသမီးလေးတွေ ဖြစ်အောင်ပါ။ ယဉ်ကျေးလိမ္မာ စာပေနဲ့ ဗုဒ္ဓဝင်စာပေတွေ သင်ကြားတာက တစ်နှစ်ပတ်လုံး စနေ၊ တနင်္ဂနွေ နေ့တိုင်းသင်တယ်။ နွေရာသီကျောင်းပိတ်တာနဲ့ နေ့တိုင်း မနက် ၆ နာရီ၊ ည ၆ နာရီသင်တယ်။ ဗုဒ္ဓဝံသရက္ခိတ ဗုဒ္ဓဝင်ရေးဖြေပူဇော်ပွဲတွေ၊ ပြိုင်ပွဲတွေ နီးလာရင်တော့ ည ၁၀ နာရီထိ သင်ပေးတယ်။ သူတို့အတွက် လိမ္မာတဲ့ကလေးဖြစ်ပြီး နိုင်ငံအတွက်၊ သာသနာအတွက် မျိုးဆက်သစ်များဖော်ဆောင်ပြီးတော့ အေးချမ်းစွာ ဘဝကိုဖြတ်သန်းနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု အသင်း၏ ဩဝါဒဆရာတော် ဦးသုနန္ဒက မိန့်ကြားသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီက ဗုဒ္ဓဝံသရက္ခိတ ဗုဒ္ဓဝင်ရေးဖြေပူဇော်ပွဲကို လှိုင်သာယာမြို့နယ်အတွင်း ပဒံရပ်ကွက် မြစိမ်းရောင်ဘုရားလမ်းရှိ ဝိဇာတ မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ကျင်းပခဲ့ပြီး အဆိုပါ အခမ်းအနားတွင် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဗုဒ္ဓဝံသရက္ခိတ ဗုဒ္ဓဝင်ရေးဖြေ ဖြေဆိုထားကြသည့် ကျောင်းသားများ အနက်မှ အယောက် ၃၀ အား ဆန်ခါတင် ရွေးချယ်ခဲ့ပြီး နှုတ်ဖြေ ပြန်လည်ဖြေဆိုစေကာ ယင်းတို့ထဲမှ ကျောင်းသားတစ်ဦးကို ဗုဒ္ဓဝံသရက္ခိတအတွက် ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအသင်းကို မြန်မာ သက္ကရာဇ် ၁၃၇၄ ခုနှစ်မှ စတင်ကာ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လှိုင်ရွာ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဂြိုလ်ကုန်းစံပြကျေးရွာ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ပဒံရပ်ကွက် မြစိမ်းရောင်ဘုရားလမ်းရှိ ဝိဇာတ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၌လည်းကောင်း တည်ထောင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သစ်တော်**

# လှည်းကူးမြို့နယ်၌ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြော

လှည်းကူး ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်ခြင်း အစီအစဉ်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်ဓမ္မာရုံ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတာဝန်ခံအရာရှိ ဦးပြေဟိန်းနိုင်၊ ခရိုင်လဝကဦးစီးမှူး ဒေါ်နွယ်နီခင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်ဇော်၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်၊ သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းတို့က ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည် ထုတ်လုပ်မှု သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**



# ရွှေပြည်သာမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျောင်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၃၁ ရက်က တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခဲ့ပြီး ရွှေပြည်သာစက်မှုဇုန်(၂)ရှိ Mottama Co.,Ltd ၌ မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုများ၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုများ၊ တပ်ဆင်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်း၊ ကိရိယာများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးခဲ့ပြီး အသိပညာပေးလုပ်ငန်းအဖြစ် မီးဘေးအန္တရာယ် အသိပညာပေးပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးများကို မီးသတ်ဦးစီးဌာနမှ ဌာနချုပ်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦး၊ ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ထားဝယ်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေး သတိပေးနှိုးဆော်

ထားဝယ် ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် ထားဝယ်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဇန်နဝါရီ ၂၉ ရက်ညနေပိုင်းက မြို့နယ်အတွင်း မီးလန့်မှု၊ မီးလောင်မှုများ လျော့နည်းစေရေး၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရန် အသံချဲ့စက်ဖြင့် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**သတိပေးနှိုးဆော်**

ထိုသို့ဆောင်ရွက်ရာတွင် အိမ်တိုင်းအိမ်တိုင်းတွင် တောင့်တင်းခိုင်မာသော မီးချိတ်၊ မီးကပ်၊ လှေကားနှင့် သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးတို့ကို ပြည့်စုံစွာထားရှိရန်၊ မိမိတို့နေအိမ်များတွင် မီးလောင်လွယ်သော လောင်စာဆီများ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ရောင်းချခြင်း လုံးဝမပြုလုပ်ရန် စသည်တို့ကို အသံချဲ့စက်ဖြင့် လှည့်လည်သတိပေးနှိုးဆော်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှဦးဆောင်၍ သန္တေ တပ်ဖွဲ့ဝင်များက မြို့တွင်းလမ်းများ၊ လမ်းဆုံလမ်းခွများ စသည့်နေရာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံသတိပေးနှိုးဆော်ခဲ့ပြီး မီးဘေးစိုးရိမ်ရသော လုပ်ငန်းများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

သန်လျင်ခရိုင် သန်လျင်မြို့နယ် မီးသတ်တပ်ဖွဲ့ရုံးမှ ဒုတိယဦးစီးမှူး ဦးရဲလင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ၃၀ ရက်က ဒါရိကာရပ်ကွက်နှင့်မြို့ဟောင်းအလယ်ရပ်ကွက်တို့ရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ပုံကို သရုပ်ပြသခဲ့ပြီး မီးချိတ်၊ မီးကပ်၊ ရေ၊ သဲများ ထားရှိမှုတို့ကို လက်လံစစ်ဆေးစဉ်။

**ဘော်ဂါသွေး**



# ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

ဒေးဒရဲ ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာများရှိ နေအိမ်များ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက တော်ကျိုက်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးဘေးလုံခြုံရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော် ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ဝင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေအိမ်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**၂၀၇**



ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထောင်ဝိကွင်း ကုန်ထုတ်လမ်းဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၁

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ထောင်ဝိကွင်းအမှတ်(၁၁၈၄)ကုန်ထုတ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီက အဆိုပါ ကုန်ထုတ်လမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

အဆိုပါကုန်ထုတ်လမ်းသည် စိုက်ဧက ၃၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၃၅ ဒသမ ၁၃၅ သန်းဖြင့် အရှည်ပေ ၅၂၈၀၊ အကျယ် ၁၆ ပေ၊ ဒု ၃ ပေ ၉ လက်မ၊ Box Culvert သုံးစင်းတို့ကို ဆောင်ရွက်ပြီးစီး၍ ဖွင့်လှစ်ခြင်းဖြစ်ကာ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်း ၃၆ လမ်း၊ လမ်းအရှည်မိုင်ပေါင်း ၂၉ မိုင် ၇ ဒသမ ၆ ဖာလုံ၊ ကျေးလက်ကုန်ထုတ်တံတား ၇၁ စင်း၊ အရှည်ပေပေါင်း ၄၇၂ ပေ၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ၄၆ ခု၊ ဆီထွက်သီးနှံဧရိယာ နှစ်ခုတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ငါးခု၊ စီမံကိန်းလုပ်ငန်းများအနေဖြင့် VDP စီမံကိန်း ၄၂၅ ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၃၈ ရွာ၊ ခေတ်မီစံပြကျေးရွာစီမံကိန်း ခြောက်ရွာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကုန်ထုတ်လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်က ကုန်ထုတ်လမ်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ထောင်ဝိကွင်း ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ကုန်ထုတ်လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မျက်စိခွဲစိတ်ကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာဒေါ်စန်းစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒေါ်ဖြူဖြူစိန်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်၊ ခရိုင် ၁၄ ခရိုင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ဇန်နဝါရီ ၃၀ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို(၂) ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည်ဆေးရုံ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိတ်ခွဲစိတ်ကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများနှင့် အာဟာရမုန့်၊ အအေးများ ထောက်ပံ့ပေးအပ်ပြီး အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ပြည်တက္ကသိုလ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပ

ပြည် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ် Theatre ခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲများတွင် ယင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ စာစီစာကုံးပြိုင်ပွဲတွင် ၂၉ ဦးနှင့် ဆောင်းပါး ပြိုင်ပွဲတွင် ခြောက်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



## ပန်းတနော်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပန်းတနော် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်သည်။



ပန်းတနော်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနောက်ပိုင်း ရပ်ကွက်တွင် တစ်အိမ်တက်ဆင်း မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးသတိမူရေး ပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေး အသိပညာပေးဟောပြော၊ သရုပ်ပြခြင်းနှင့် မီးဘေးလုံခြုံရေး ကွင်းဆင်း စစ်ဆေးခြင်းကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ် အတွင်းရှိ ရပ်ကွက်များတွင် မီးသတ်ဦးစီးဌာနမှ ဌာနချုပ် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦး၊ အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။




အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ရပ်ကွက်များနှင့် ဈေးများတွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာများကပ်ခြင်း၊ လိုက်လံနှိုးဆော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ပုသိမ်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ပုသိမ် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက အမှတ်(၅)ရပ်ကွက်အတွင်း ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွဋ်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက အမှတ်(၅)ရပ်ကွက်အတွင်း လူနေအိမ်များတွင် မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် မီးလောင်မှုများမဖြစ်ပွားစေရေး နေအိမ်များရှိမီးဖိုများအား မီးဘေးလုံခြုံစိတ်ချမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်နေပြည်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၅၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဂ - ၇၁၆၄၄၄ ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဆ - ၆၂၉၇၉၅ ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဂ - ၉၄၅၇၄၇ ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဆ - ၃၉၃၃၀၈ ဇ - ၇၁၀၃၈၆
ဃ - ၅၇၁၈၀၄ ဇ - ၉၄၁၂၉၈
ဈ - ၅၉၂၀၄၂

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဇ - ၂၀၂၁၃၁ င - ၈၉၁၇၈၄
င - ၂၅၀၀၈၄ ခ - ၉၀၅၆၂၄
ဃ - ၃၈၇၉၀၁

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဇ - ၁၁၂၀၂၀ ဂ - ၅၂၆၈၀၀ င - ၈၀၁၃၉၅
ဃ - ၂၂၁၅၂၀ ခ - ၆၆၃၆၆၉ ဈ - ၈၂၄၅၁၀
က - ၂၄၇၃၃၅ ဆ - ၇၇၀၂၉၃ စ - ၈၃၇၄၃၆
ဈ - ၃၈၀၈၇၅

ကံထူးရှင်(၁၀)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဇ - ၁၄၂၄၅၉ က - ၃၈၉၀၉၇
ဈ - ၁၇၈၉၈၉ က - ၅၄၈၇၀၈
င - ၂၀၁၆၂၅ င - ၆၅၅၂၄၄
ဂ - ၂၅၇၆၅၅ ဆ - ၇၇၀၂၆၆
ဇ - ၃၀၇၅၅၂ ဆ - ၈၃၆၅၁၀
ဂ - ၃၅၄၉၉၄ ဃ - ၉၃၀၀၁၃
ဈ - ၃၆၅၉၅၈

ကံထူးရှင်(၁၃)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဆ - ၁၃၉၃၉၇ ခ - ၃၇၃၈၁၄ င - ၅၉၃၇၀၄
စ - ၁၄၆၇၉၄ ဇ - ၃၇၅၉၃၅ စ - ၆၂၅၁၆၃
က - ၂၅၁၂၆၁ ဆ - ၃၈၈၇၃၈ ဇ - ၈၄၆၇၇၉
စ - ၂၇၃၂၃၁ ဈ - ၄၁၀၁၉၃ ဃ - ၉၂၉၀၁၄
စ - ၂၉၀၆၈၆ ဈ - ၄၉၀၉၃၄ ဈ - ၉၄၄၁၃၆
က - ၃၂၅၈၉၀

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဃ - ၁၃၃၇၄၈ က - ၆၀၀၉၄၆
ဃ - ၁၅၃၆၃၇ ဈ - ၆၂၂၈၄၅
ဃ - ၁၇၄၇၂၇ က - ၆၉၃၇၁၁
ဃ - ၂၀၃၁၃၁ ခ - ၇၈၅၂၆၉
င - ၂၇၄၇၉၄ ဂ - ၇၉၉၂၃၅
ဆ - ၂၇၇၄၀၃ ဂ - ၈၀၁၁၃၄
ဇ - ၃၇၂၁၅၈ ဂ - ၈၅၁၂၀၀
ဇ - ၅၇၁၆၁၄

ကံထူးရှင်(၁၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

စ - ၁၅၆၁၀
ဇ - ၄၄၃၇၁
ဂ - ၇၄၈၉၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဈ - ၆၃၅၀
ဃ - ၆၇၇၉
ဃ - ၉၁၀၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

စ - ၁၃၃ စ - ၆၇၈ ဆ - ၈၅၂
ဇ - ၂၇၄ ခ - ၇၇၀ င - ၉၂၈
စ - ၆၇၇ ဈ - ၇၇၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၀၉၆)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ခ - ၁၆ ဂ - ၇၅ စ - ၈၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၄၉၈)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ခ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဃ - ၈၃၇၅၁၈ ခ - ၈၈၉၆၆၅
င - ၈၅၀၈၉၂ ဃ - ၉၂၇၅၆၀

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဃ - ၇၂၀၂၆ င - ၈၄၃၃၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ခ - ၄၆၀၁ င - ၆၇၅၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဇ - ၂၄၀ ဃ - ၆၆၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၂၇)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ( ၁၀၅၇၀၉ )ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်( ၁၀၅၇၀၉ )ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အားပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ်(၆၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဇ) အက္ခရာထိ အက္ခရာ (၈)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၄၉၀၉၁၂)အုပ်ဖြစ်ပါသည်။

၄။ (၅၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၂-၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၄-၂-၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## နေပြည်တော်

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ကြော်ငြာခေါ်ယူထားသော အငယ်တန်းစာရေးရာထူးနေရာများအတွက် ၂၆-၁-၂၀၂၄ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ ခုံအမှတ်စာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည် -

(က) **အငယ်တန်းစာရေး ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူ ခုံအမှတ်စာရင်း**

| စဉ် | ခုံအမှတ် | အမည်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| (၁) | ခုံအမှတ်(၁) | မအိမ့်မြတ်သူ ၁၃/တကန(နိုင်)၂၈၂၀၁၈ |
| (၂) | ခုံအမှတ်(၂) | မောင်မိုးမင်းဝင်း ၈/စလန(နိုင်)၁၇၂၅၆၉ |
| (၃) | ခုံအမှတ်(၃) | မခိုင်မေစိုးချစ် ၁၂/ဒပန(နိုင်)၀၆၂၆၄၂ |
| (၄) | ခုံအမှတ်(၄) | မနန္ဒာလွင် ၉/တကန(နိုင်)၂၃၉၂၇၄ |
| (၅) | ခုံအမှတ်(၅) | မနှင်းယုဝေ ၉/တကန(နိုင်)၂၃၆၄၃၉ |
| (၆) | ခုံအမှတ်(၆) | မောင်ရန်နိုင်ဦး ၁/မမန(နိုင်)၀၄၇၂၁၅ |
| (၇) | ခုံအမှတ်(၇) | မစုစုထွေး ၁၂/ဥကမ(နိုင်)၁၈၆၂၅၇ |
| (၈) | ခုံအမှတ်(၈) | မမေဇင်နွေဦး ၁၂/မရက(နိုင်)၁၅၆၅၉၂ |
| (၉) | ခုံအမှတ်(၁၁) | မခိုင်မာထွေး ၉/လဝန(နိုင်)၂၆၀၁၅၈ |
| (၁၀) | ခုံအမှတ်(၁၂) | မထက်ထက်ကျော် ၁၂/ကမတ(နိုင်)၀၆၀၇၃၁ |
| (၁၁) | ခုံအမှတ်(၁၃) | မောင်ကျော်ဇေယျာအောင် ၈/ခမန(နိုင်)၁၄၇၃၉၆ |
| (၁၂) | ခုံအမှတ်(၁၆) | မောင်အောင်ဘုန်းမင်း ၁၂/ဒလန(နိုင်)၀၇၅၅၈၀ |

၂။ အဆိုပါစာမေးပွဲအောင်မြင်သူများသည် (၁၉-၂-၂၀၂၄)ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း ၀၆၇-၄၁၂၂၀၃၊ ၄၁၂၂၀၅ များသို့ သတင်းပို့ ဆက်သွယ်ရန်ဖြစ်ပြီး **(၂၀-၂-၂၀၂၄) ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ**တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် လူတွေ့အရည်အချင်း စစ်ဆေးမှုခံယူရမည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း) (သို့မဟုတ်) ဘွဲ့ထောက်ခံစာ(မူရင်း) များယူဆောင်၍ **မပျက်မကွက်** လာရောက်ဖြေဆိုရန် အကြောင်းကြားပါသည်။

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်(၇၀/မောင်ငံ)၊ ဦးပိုင်အမှတ်(၆၉/ဃ)၊ မြေချိန်ဧရိယာ(၀.၀၂၂)ဧကရှိ ဘိုးဘပိုင်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ညိုမ[၁၀/မလမ(နိုင်)၁၅၈၂၀၉]အမည်ပေါက်ပိုင်ဆိုင်သော အိမ်နှင့်အိမ်ရာမြေကွက်ဖြစ်ပါသည်။ ဒေါ်ညိုမမှ (၂-၈-၂၀၂၃)ရက်စွဲပါ အိမ်နှင့်အိမ်ရာမြေကွက် အရောင်းအဝယ်စာချုပ်အမှတ်-၂၇၀/၂၀၂၃ အရ (ဘ)ဦးစိုး၏သမီး ဒေါ်ခင်စိုးလင်း [၁၀/မလမ(နိုင်)၁၃၉၀၈၈]ကိုင်ဆောင်သူအား ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်ခင်စိုးလင်းအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဒေါ်တင်တင်အေး နှင့် ဒေါ်အေးသန်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်(၃၀၅)နေ တရားပြိုင် ဒေါ်အေးသန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှတရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မာလာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂၃/၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **စက်နှင့်စက်အရန်ပစ္စည်းဝယ်ယူခြင်း**
Spare Parts for $CO_2$ Compressor

(ခ) **အဆိုပြုလွှာများ**
Pressure Transmitter ၊ Flow Transmitter ၊ Level Transmitter ၊ 220 V Battery Charger ( Rectifier-Charger)

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၁-၂-၂၀၂၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၂-၂၀၂၄ ရက် (၁၂:၀၀နာရီ)
၄။ **တင်ဒါပိတ်မည့်နေရာ** - စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါများကို စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) တို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၄)လမ်း၊ အမှတ်(၅၀၃/ဘီ)၊ (တတိယထပ်)နေ ဦးကျော်မင်းဆွေ[၅/စကန(နိုင်)၁၇၀၂၂၇]နှင့် ဒေါ်မြင့်မြင့်အောင် [၇/ဝမန(နိုင်)၁၀၉၇၆၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ(၃)လမ်း၊ အမှတ်(၁၆၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးတင်မြင့်[၅/ကလန(နိုင်)၀၃၄၈၂၁]အမည်ပေါက် မြေငှားဂရန်မြေကွက်ပေါ်တွင် ဦးကျော်စွာစိုး(တက်လူမင်းဆောက်လုပ်ရေးကုမ္ပဏီ)မှတာဝန်ယူဆောက်လုပ်သော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦမှ မြေညီထပ်(ခြေရင်းခြမ်း)၊ (၁၇x၅၄)ပေအကျယ်ရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံခြင်းတာဝန်ယူဆောက်လုပ်သူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ဦးကျော်စွာစိုး[၁၂/ကမရ(နိုင်)၀၆၂၅၄၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက(၃၀-၁-၂၀၂၄)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ပြုလုပ်ချုပ်ဆိုပြီး စရန်ငွေအဖြစ်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ခြင်းမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ထွေး(LL.B,D.B.L)(စဉ်-၈၀၁၀)**
**ဒေါ်ကြည်ကြည်လေး(LL.B,D.B.L)(စဉ်-၇၃၃၃)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၃၆၃၅၇၀၊ ၀၉-၉၅၅၁၉၉၅၁၅**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၅)ရပ်ကွက်၊ အုတ်ဖိုကျေးရွာအုပ်စု-ဘုံရှည်ကုန်းကျေးရွာနေ ဦးခင်မောင်မြင့် [၇/ကပက(နိုင်)၀၆၆၇၁၆]-ဒေါ်သင်းသင်းခိုင်[၇/ကပက(နိုင်)၀၁၁၂၄၁] တို့၏သမီး မထက်စုခိုင် [၇/ကပက(နိုင်)၀၉၉၃၇၄]သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးခင်မောင်မြင့်-ဒေါ်သင်းသင်းခိုင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၅၇၇၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အမှတ်(၅၇၇)၊ သိင်္ဂီလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်(၂)လုံး အပါအဝင် အကျိုးခံစားခွင့်အခွင့်အရေးအရပ်ရပ်အားလုံးတို့သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်စိန်(AD-၀၀၀၄၇၁)၊ ဒေါ်တင်လှ (CC-၀၃၇၂၈၅)တို့၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး ဖခင်ဦးမောင်စိန်နှင့်မိခင်ဒေါ်တင်လှတို့မှာအသီးသီးကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်းတို့၏အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသော ဒေါ်တင်တင်ရီ [၁၂/ဥကမ(နိုင်)၂၇၅၁၅၅]+၉ဦးတို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြကာ မိမိတို့မှလွဲ၍ အခြားအမွေဆက်ခံသူသားသမီး တစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းနှင့် မိမိတို့သာလျှင်လက်ရှိထားပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကျွန်ုပ်မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်တို့၏ပိုင်ရေးဆိုင်ခွင့်လွှဲပြောင်း ရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေမာ [၁၂/မရက(နိုင်)၁၃၅၁၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၄/၂၀၁၉)**
**တိုက်အမှတ်(A3)အခန်းအမှတ်(B3)၊ အမှတ်(၂)၊ ရန်ကုန်အင်းစိန်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၃၆၆၃၈၆၊ ၀၉-၇၉၆၂၈၁၄၇၅**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆/အီး)၊ မြေကွက်အမှတ်(၁၀၂စီ/၄၄)၊ အကျယ်အဝန်းဧရိယာ (၀.၀၃၅)ဧက အကျယ်ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်(၁)လမ်း၊ အမှတ် (၄၄/က)+(၄၄/ခ) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ပု၊ ဦးကျော်သောင်း၊ မတိုးမြင့်တို့အမည်ပေါက်ကြောင်း၊ ဒေါ်ပု ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးသန်းထွန်း [၁၂/ကမရ(နိုင်)၀၂၈၀၂၇]၊ ဒေါ်ချစ်ချစ် [၁၂/ကမရ (နိုင်)၀၀၆၅၅၆]၊ ဒေါ်လှလှသိန်း [၁၂/မရက(နိုင်)၀၀၅၄၁၇]၊ ဒေါ်မြမြသိန်း [၁၂/ကမရ(နိုင်)၀၄၃၃၅၉]၊ ဦးစိန်မိုး [၁၂/ကမရ(နိုင်)၀၀၈၂၃၆]၊ ဒေါ်ကြူကြူသိန်း [၁၂/ကတတ(နိုင်)၀၁၅၀၀၁]တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်(၂၂၁၄/၂၀၀၉)အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးကျော်သောင်း ကွယ်လွန်သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဇနီးဖြစ်သူ မတိုးမြင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ပြုလုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ ရောင်းသူ ဦးမန်းဘဟာဒူးရ် [၉/မကန(နိုင်)၀၇၂၃၁၁]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိမ်းမြအောင် [၉/မဟမ(နိုင်)၀၀၇၆၈၆]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၄၊ မြေကွက်အမှတ်-၂၇၇၊ အကျယ်(၄၀ x ၆၀)ပေ၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၇၇)၊ ရတနာပုံလမ်း၊ ၁၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးညဏ်လင်း(N/KGN-၀၀၈၃၆၅)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့်(၃၁-၁-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်" အရ ဒေါ်ချာမာလီ [၁/ပတအ(နိုင်)၀၂၆၁၄၇]ကဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးနေလင်းထွန်း** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၀၉၅၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ ကွင်းအမှတ်(၉၈၇)၊ လမ်းအမှတ်(C-12)၊ မြေကွက်အမှတ်(၂၆၃)၊ ဧရိယာ(၅)ဧကအကျယ်အဝန်းရှိ ဒေါ်ညိုညိုသန်း(ခ)ဒေါ်ဆွေဆွေလွင်[၁၃/တကန(နိုင်)၁၃၄၈၂၆]အမည်ဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခွင့်ရရှိထားသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ညိုညိုသန်း(ခ)ဒေါ်ဆွေဆွေလွင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေများ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)**
**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ တိုက် (C-2)၊ အခန်း(B-903)(၉)လွှာ၏ အမည်ပေါက် ဦးကျော်ကျော်စိုး[၁၂/ပဘတ(နိုင်)၀၀၄၆၅၆]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးရဲမင်းသူ[၁၂/ခအဇ(နိုင်)၀၂၃၈၃၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ်-၆၉၅/က ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၃ ½ ထပ် အဆောက်အဦ၏ ပထမထပ် တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်မိမိခိုင် [၁၂/မဂတ(နိုင်)၀၀၂၉၁၆] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးပြည့်လျှံဖြိုး [၁၀/လမန(နိုင်)၀၁၇၅၅၂]နှင့် ဒေါ်သင်းသင်းအေး [၁၀/မဒန(နိုင်)၁၀၄၀၄၉] ကိုင်ဆောင်သူတို့က သဘောတူလက်ခံ၍ လက်ရောက် အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးပြည့်လျှံဖြိုးနှင့် ဒေါ်သင်းသင်းအေးတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ တိုက်(C-2)၊ အခန်း(B-1302)(၁၃)လွှာ၏အမည်ပေါက် ဦးဇေယျာဟိန်း[၁၂/လသန(နိုင်)၀၂၀၀၀၄]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးရန်အောင်ထွန်း[၁၂/လကန(နိုင်)၁၆၆၇၉၁]က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ပြည်သူ့လမ်းခြား၊ အကွက်အမှတ်နှင့်အမည်-၆၉/မောင်ငံ၊ ဦးပိုင်အမှတ်-၁၆ ၊ ဧရိယာ(၀.၁၀၀)ဧကရှိမြေသည် A.N.P ကွန်ဒူး(ပွမ်)အမည်ဖြင့် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(၁-က)စာရင်းတွင် မှတ်သားတည်ရှိပါသည်။ ဦးA.N.P ကွန်ဒူး(ပွမ်)သည် (၁၉၇၀)ခုနှစ်တွင်လည်းကောင်း၊ ဦးA.N.P ကွန်ဒူး(ပွမ်) ၏ဇနီး ဒေါ်ပါးပါးမာသည်(၁၉၈၁)ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပြီး၊ အမွေစားအမွေခံအဖြစ် တစ်ဦးတည်းသောသားဖြစ်သူ ဦးဂျပန် တစ်ဦးသာ ကျန်ရစ်ခဲ့ပါသည်။ ဦးဂျပန်သည် (၁၉၉၅)ခုနှစ်တွင်လည်းကောင်း၊ ဦးဂျပန်၏ဇနီး ဒေါ်ပေါလမားသည် (၂၀၀၅)ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပြီး အမွေစားအမွေခံအဖြစ် တစ်ဦးတည်းသောသားဖြစ်သူ ဦးခင်စိုး တစ်ဦးသာ ကျန်ရစ်ခဲ့ပါသည်။ ထို့နောက် ဦးခင်စိုးသည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျမ်းကျိန်လွှာ မှတ်ပုံတင်စာချုပ်အမှတ်-၆၄၅/၂၀၁၉နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်မှတ်ပုံတင် စာချုပ်အမှတ်-၆၄၆/၂၀၁၉ အရ အမွေဆက်ခံပိုင်ဆိုင်ထားပါသည်။ ယခုအခါ ဦးခင်စိုး သည် အထက်ဖော်ပြပါ မြေဧရိယာ(၀.၁၀၀)ဧကအနက်မှ A အမှတ်ပြ (၀.၀၈၄)ဧကရှိ မြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ လူနေရပ်ကွက်အမှတ်-၁၉၊ စွယ်တော်(၁၄)လမ်း၊ မြေကွက်အမှတ်-၅၆၈ ဦးလှမြင့် [၁၂/လမန(နိုင်)၀၄၈၇၀၇]အမည်ပေါက် ပါမစ်မြေအမျိုးအစား၏ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း မြေအကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်မောင်ကြည် [၁၁/တကန(နိုင်)၀၆၃၃၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဇင်အေး [၁၂/ရပသ(နိုင်)၁၀၄၁၆၀]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဦးတင်အောင်မိုး (စဥ်- ၁၃၉၁၀) (LL.B)** — **ဦးထွန်းထွန်းငြိမ်း (စဥ်-၁၂၄၃၆) (LL.B,D.I.L)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၃၊ စွယ်တော်(၃)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၉၁၅၅၇၊ ၀၉-၄၂၀၀၆၄၃၅၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ်(၁၇) နေ **ဦးသက်စိုး** [၁၄/ခနဖ(နိုင်)၀၀၄၂၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၄၇၊ ဦးပိုင်အမှတ်(၇၄-ည)၊ ဧရိယာ(၀.၀၂၂) ဧကရှိ ဘိုးဘ(B)အမျိုးအစား မြေကွက်ကို ဦးစိုးညွှန့်**[၁၂/ဗဟန(နိုင်)၀၂၅၆၉၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ **ဦးသက်စိုး [၁၄/ခနဖ(နိုင်)၀၀၄၂၂၅]**က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၁၉၇/၂၀၁၁) (၂၃-၁၂-၂၀၂၀)ဖြင့် အပြီးအပိုင်ဝယ်ယူ၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၌ အမည်ပြောင်း လျှောက်ထားခဲ့ပြီး (၁၂-၁၂-၂၀၁၈) ရက်နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေအမည်ဖြင့် ယနေ့အထိ လက်ဝယ်ထား ခံစား၊ စံစားနေသောမြေကွက်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းအိစံ (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၆၀၂၈)**
**အမှတ်-၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၉၉၈၈၄၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သုဇာတာ(၁၅)လမ်း၊ မြေကွက်အမှတ်(၁၂၁၉)၊ မြေအကျယ်အဝန်း အလျား(၄၀)ပေ x အနံ (၆၀)ပေ (ဧရိယာ ၂၄၀၀ စတုရန်းပေ)ရှိ အမည်ပေါက် ဒေါ်အေးကြည်၊ နှစ်(၆၀) မြေငှားဂရန် မြေကွက်အနက်မှ အလျား(၁၃)ပေ x အနံ (၆၀)ပေ (ခြေရင်းဘက်ခြမ်း)ရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အေးကြည်၏ သမီးရင်းဖြစ်ပြီး အရှုပ်အရှင်းကင်းစွာ အမွေဆက်ခံပိုင်ဆိုင်နေထိုင်လျက်ရှိ၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းရီ [၁၂/ဥကမ(နိုင်)၀၉၆၉၉၉] ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သူရ [၁၂/လမန(နိုင်)၁၄၇၀၂၈]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်နိုင်ခွင့်ရှိသည်ဆိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေခိုင်ဦး (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၃၅၂၁၃)**
**အမှတ်(၁၄၂)၊ ပထမထပ်(ယာ)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၅၃၄၂၉၈၀၅၊ ၀၉-၇၇၉၂၀၈၄၅၆**

## ကြော်ငြာစာ

### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇
### မှော်ဘီခရိုင်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆

**ကွယ်လွန်သူ ဦးကြီးမြင့် ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

**ဒေါ်ခင်မျိုးဝင်း ------------------ လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကြာအင်းကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကြီးမြင့်၏ အမွေထိန်း လက်မှတ်စာ ရရှိသူ ဒေါ်ခင်မျိုးဝင်းက ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် (ယခု-မှော်ဘီခရိုင်) မှော်ဘီမြို့နယ်၊ မြစ်ကျိုးကျေးရွာအုပ်စု၊ ဦးကြီးမြင့် အမည်ပေါက် ကွင်းအမည်-ဝွေ့တန်းရှည်ကွင်း၊ ကွင်းအမှတ်-၆၆၈၊ ဦးပိုင်အမှတ်-၁၈/၉၊ မြေမျိုးနှင့် အတန်း-လယ်၊ ဧရိယာ(၄.၃၂)ဧကနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် (ယခု-မှော်ဘီခရိုင်) မှော်ဘီမြို့နယ်၊ မြစ်ကျိုးကျေးရွာအုပ်စု၊ ဦးကြီးမြင့် အမည်ပေါက် ကွင်းအမည်-ဝွေ့တန်းရှည်ကွင်း၊ ကွင်းအမှတ်-၆၆၈၊ ဦးပိုင်အမှတ်-၃/၃၊ မြေမျိုးနှင့်အတန်း-လယ်၊ ဧရိယာ(၅.၉၂)ဧကရှိလယ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို **၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်၊ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)၊ နံနက်(၁၀)နာရီ**တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်၍ ခိုင်လုံသော အထောက်အထားများတင်ပြ ကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်ခင်မျိုးဝင်း ၏ လျှောက်လွှာပေါ်စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း(၂၀)ရပ်ကွက်၊ သကမ-၁၇၊ ဆရာစံလမ်း၊ အမှတ်(၁၃၂၄/ခ) ဟုခေါ်တွင်သည့် အကျယ်အဝန်း(၂၀x၆၀)ပေ ဦးဌေးလွင် အမည်ပေါက် ပါမစ်မြေကွက်အား တရားဝင်ဝယ်ယူထားပြီး အဆင့်ဆင့်ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးကိုကိုမောင် [၁၁/စတန(နိုင်)၁၀၂၀၉၉]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်လင်း [၈/နမန(နိုင်)၁၇၄၁၃၆]** — **ဒေါ်မြင့်မြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၁၅၅၅၄) (၂၇-၆-၂၀၁၉)**
**အမှတ်-၂၂/က၊ အောင်ချမ်းသာလမ်း၊**
**(၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**
**၀၉-၄၃၀၅၇၈၀၇၊ ၀၉-၇၇၆၆၀၃၈၈၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ကွင်းအမှတ်-၂ / အုတ်ဖိုအနောက်ရပ်၊ ဦးပိုင်အမှတ်( ၂၀/၂+၂၇ )၊ လူနေရပ်ကွက် အမှတ်(၁၅/၆)၊ ရွာမရပ်ကွက်၊ ရွာမ (၂) လမ်းဟုခေါ်တွင်သော ဧရိယာ ၀.၈၂၄ဧက အကျယ်အဝန်း ရှိ G(၃/ခ) မြေအမျိုးအစား မြေကွက်နှင့်အိမ်အပါအဝင် ယင်းမြေပေါ်ရှိ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ဆက်စပ်ပစ္စည်းများတို့၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းနွဲ့ [၇/အဖန(နိုင်)၀၅၈၅၅၇] (AA-091881)မှ တစ်ဦးတည်းသာ တရားဝင် အမည်ပေါက်လက်ဝယ် ပိုင်ဆိုင်ထားရှိသူ ဖြစ်ပါသည်။ အဆိုပါ အိမ်၊ မြေနှင့်ပတ်သက်၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း မရှိပါကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းနွဲ့ သိရှိသဘောတူညီခြင်းမရှိဘဲ စာရွက်စာတမ်း အတုအပ ပြုလုပ်၍ အခြားသူတစ်ဦးဦးထံသို့ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းတို့ မပြုလုပ်ပါရန်နှင့် တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက တည်ဆဲတရား ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး(LL.B)** | **ဒေါ်နှင်းယုဝေအေး (LL.M,D.I.L)** | **ဒေါ်ခိုင်ခိုင်ဇော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်- ၁၈၅၀၃)** | **(စဥ်- ၁၈၂၃၇)** | **(စဥ်-၅၀၈၉၀)** |

**အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ အဓိပတိအင်အားကွန်ဒို**
**သုခမ္မာလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၀၀၀၀၆၁၉၉၊ ၀၉-၇၉၈၈၅၃၅၄၇၊ ၀၉-၇၉၉၀၈၂၁၁၅**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးညိုလမ်း၊ မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ် (၁၃၆/၂၈အေ)၊ မြေအကျယ်အဝန်း (၁၀ပေ x ၄၀ပေ)ရှိ ဦးကြည်+ဦးလှထွန်း အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးညိုလမ်း၊ မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ် (၂၈အေ/၁၃၇)၊ မြေအကျယ်အဝန်း (၂၀ပေ x ၄၀ပေ)ရှိ ဦးပေစိ+ဦးဂျန်ဂျလီတို့ အမည်ပေါက် မြေချပါမစ်မြေကွက် စုစုပေါင်း မြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

အထက်ဖော်ပြပါ မြေကွက်(၂)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိန်ဌေး[၈/မကန(နိုင်)၀၂၂၁၈၂]ထံမှ ကျွပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေ(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နန်းဆင့်ဆင့်ထွန်း LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၆၃၉)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၈၄၀၂၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိုးမြင့် [၁၄/ဟသတ (နိုင်)၀၆၄၄၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄ F၊ မြေကွက်အမှတ်-1 class 36 အတိုင်းတာ (100 x 115) တည်နေရာ ၃၉-လမ်း၊ အမှတ် (၃၀၊ ၃၂၊ ၃၄) ဂိုဒေါင်ဟောင်းတစ်လုံးနှင့် (၈) ထပ်တိုက် တည်ရှိရာမြေနှင့် လမ်း(၄၀)၊ အမှတ်(၂၉၊ ၃၁၊ ၃၃၊ ၃၅) ဂိုဒေါင်ဟောင်း(၂)လုံး တည်ရှိရာ မြေ အမည်ပေါက် Tay Kim Phek (a) Daw Sein Tin (UCC-1964158) CB 026946 မြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် - ၄၆၇/၂၀၁၃ ရက်စွဲပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ဂိုဒေါင်ဟောင်းများနှင့် (၈) ထပ်တိုက် ဆောက်လုပ်ထားသော မြေကွက်အား တရားပြိုင်ဦးမျိုးဝင်းမှ မြေကွက်အရောင်းအဝယ်စာချုပ်အား ချုပ်ဆို၍ မှတ်ပုံတင်ပေးရန် စီရင်ချက်နှင့် ဒီကရီအရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် - ၄၁၀/၂၀၁၉ ၏ (၂၈-၅-၂၀၂၀) တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အမြဲတမ်း တားမြစ်စေလိုမှုကို ပလပ်သည့်အမိန့် ဦးမျိုးဝင်း [၁၄/ဟသတ(နိုင်)၂၃၈၅၀၈]မှ တရားရုံး အထောက်အထား၊ အမည်ပေါက်စာချုပ်-၁၆၃/၁၉၇၀တို့ကို တင်ပြ၍ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားပြီး၍ ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးမျိုးဝင်းနှင့် ဦးစိုးမြင့်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆို အခွန်ပေးဆောင်၍ တင်ပြလျှောက်ထားမည်ဖြစ်ပါ၍ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဇင်မာမြင့်အောင် (စဥ်-၁၆၁၁၃) LL.B** — **ဒေါ်ဝါဝါထွန်း (စဥ်-၁၆၀၆၃) LL.B**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၅၆/၅၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၄၀၈၃၇၀၂၁၊ ၀၉- ၄၀၀၅၂၄၁၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်တာဝါ2B၊ အခန်းအမှတ် (၅၀၉)တိုက်ခန်းအား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းသန်းဆင့် [၁၂/ကမရ(နိုင်)၀၁၅၄၈၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပပဝင်းစောကလျာချောစုထွေး [၁၄/ရကန(နိုင်)၀၀၂၄၃၃]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်၊ Strand Condominium မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ ကွင်းအမှတ်(၉၈၇)၊ လမ်းအမှတ်(C-12)၊ မြေကွက်အမှတ်(၂၆၂)၊ ဧရိယာ(၅)ဧကအကျယ်အဝန်းရှိ ဒေါ်ညိုညိုသန်း(ခ)ဒေါ်ဆွေဆွေလွင် [၁၃/တကန(နိုင်)၁၃၄၈၂၆]အမည်ဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခွင့်ရရှိထားသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ညိုညိုသန်း(ခ)ဒေါ်ဆွေဆွေလွင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါရှိသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၂၆၂)**
**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

## ဒေါ်နေခြည်ဦး (Nay Chi Oo Facebook account) အမှတ် (၁၂၈)၊ ၆၅-လမ်း၊ (၁၁၂ x ၁၁၃) လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဆုမြတ်၊ (၁၂/ပဇတ (နိုင်) ၀၃၂၁၇၃)၊ အမှတ် (၇၆)၊ မြောင်းကြီးလမ်း။ အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်တို့မိတ်ဆွေသည် (PRO Express) အမည်ဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် မဲဆောက်မြို့မှ မှာယူသည့်ကုန်ပစ္စည်းများအား မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ပို့ဆောင်ပေးသည့် Delivery Cargo လုပ်ငန်းအား တရားဝင်လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်တို့မိတ်ဆွေလုပ်ကိုင်နေသည့်လုပ်ငန်းသို့ (၂၈-၁၁-၂၀၂၁)ရက်နေ့မှစတင်၍ ဘန်ကောက်မြို့ရှိပစ္စည်းများအား မှာယူပြီး၊ လူကြီးမင်းနေထိုင်ရာ မန္တလေးမြို့သို့ ပို့ဆောင်ပေးရန် အပ်နှံခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိခဲ့ရပါသည်။

ထိုသို့လုပ်ကိုင်နေရာမှ လူကြီးမင်းသည် ဘန်ကောက်ရှိဆိုင်မှ လက်ကိုင်အိတ်မှာယူပြီး ကျွန်ုပ်တို့မိတ်ဆွေလုပ်ငန်းသို့အပ်နှံပြီး လူကြီးမင်းနေထိုင်သည့် မန္တလေးမြို့သို့ပို့ဆောင်စေခဲ့ရာ လူကြီးမင်းထံသို့ (၁၇-၁-၂၀၂၄) ရက်နေ့တွင် ပို့ဆောင်ပေးလိုက်ပြီး (၁၉-၁-၂၀၂၄)ရက်နေ့တွင် ရောက်ရှိသွားကြောင်း သိရှိခဲ့ရပါသည်။ လူကြီးမင်းထံသို့ လက်ကိုင်အိတ်ရောက်ရှိပြီး မကြာမီတွင် လူကြီးမင်းမှ ကျွန်ုပ်တို့မိတ်ဆွေ၏ လုပ်ငန်းတည်ရှိရာ ရန်ကုန်မြို့သို့ ဖုန်းဖြင့် ဆက်သွယ်ပြီး၊ လက်ကိုင်ပိုက်ဆံအိတ်မှာ ဖိမိသည့်အရာပါနေကြောင်း၊ ဘယ်လိုတာဝန်ယူဖြေရှင်းပေးမလဲဟုပြောရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ Cargo ခ၏ (၅)ဆ ပြန်လျော်ပေးမည်ဖြစ်ကြောင်း၊ ပိုက်ဆံအိတ်မှာလည်း တအိတ်လုံးစုတ်ပြတ်ပြီး ပျက်စီးသွားခြင်းမဟုတ်ဘဲ error နည်းနည်းဖြစ်သွားသည့်အပေါ် ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် ကုန်ပစ္စည်းသယ်ယူခဲ့ရာတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ရကြောင်း၊ ပစ္စည်းမှာလည်း လူကြီးမင်းကိုယ်တိုင် ထိုင်းနိုင်ငံမှ မှာယူ/ဝယ်ယူထားသည့်ပစ္စည်းဖြစ်သည့်အတွက် မူလဆိုင်မှလည်း error ပါနိုင်ကြောင်း အကျိုးအကြောင်းရှင်းပြခဲ့သော်လည်း လူကြီးမင်းမှ လက်မခံနိုင်ကြောင်းပြောဆိုကာ (၁၉-၁-၂၀၂၄) ရက်နေ့တွင် လူကြီးမင်း၏ Facebook Account ဖြစ်သည့် (Nay Chi Oo) account နှင့် လူကြီးမင်း Online Shop အဖြစ် အသုံးပြုနေသော SHOCO AUTHENTIC STORE အမည်ဖြင့် Facebook Page တွင်လည်းကောင်း၊ အခြားသော Online Group နှင့် Page တို့တွင် ကျွန်ုပ်တို့မိတ်ဆွေ၏လုပ်ငန်းဖြစ်သော PRO Express Delivery Cargo လုပ်ငန်း၏အမည်ကို အမျိုးမျိုးမဟုတ်မမှန်ပြောဆိုကာ အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ လုပ်ငန်းထိခိုက်စေရန် တမင်ရည်ရွယ်ပြီး Post များတင်ခဲ့ကြောင်း အထောက်အထားများအရ သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ လူကြီးမင်းမှ လူမှုကွန်ယက်စာမျက်နှာ Facebook Page များ၊ Group များတွင် မဟုတ်မမှန်တင်ခဲ့သည့်အတွက် ကျွန်ုပ်တို့မိတ်ဆွေ၏လုပ်ငန်းအား အမျိုးမျိုးဆဲဆိုကြခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ Comment များတွင် အမျိုးမျိုးရေးသားခဲ့ခြင်းတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ လုပ်ငန်းတည်ရှိရာ ရန်ကုန်မြို့ရှိ ရုံးသို့လည်း ဖုန်းဆက်ပြီး ဆဲဆိုခဲ့ကြ၍ ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် များစွာစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပေါ်ခဲ့ရပါသည်။

ထို့ကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း လူကြီးမင်း၏လူမှုကွန်ယက်စာမျက်နှာ Facebook Page များနှင့် တခြား Group များပေါ်တွင် ရေးသားဖော်ပြထားသည့်စာသားများနှင့် ဓါတ်ပုံများအား ပြန်လည်ပယ်ဖျက်ပေးပါရန်နှင့် နောက်ထပ် ထပ်မံ၍ ထိုကဲ့သို့မပြုလုပ်ပါရန်၊ လူကြီးမင်း ပြုလုပ်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေလုပ်ငန်းများ ထိခိုက်နစ်နာခဲ့ရခြင်းအပေါ် ပြန်လည်ရှင်းလင်းတောင်းပန်ပေးပါရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ လူကြီးမင်းမှ လိုက်နာခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ဖြစ်ပေါ်လာသောကိစ္စအဝဝသည် လူကြီးမင်း၏တာဝန်သာဖြစ်ပါကြောင်းနှင့် လူကြီးမင်းအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်နေခြည်ဦးနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်ဝင်းထွေး** | **ဒေါ်နုသန္တာအောင်** |
| **LL.B, W.I.P.O (Switzerland)** | **LL.B, W.I.P.O (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၉၆၅၇)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၉၆၆၃)** |

**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph : 09 - 5163299 — Ph : 09 - 420055510**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ အမှတ်(၄) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၈) ထပ်တိုက်၏ ပဥ္စမထပ်၊ (၆-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅ x ၅၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်နွဲ့တင် [၁၂/မဂဒ (နိုင်)၀၁၈၉၂၅]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဥ်-၁၀၀၆၃)** | **LLB, DBL (စဥ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန် ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဒေါ်ခင်မွေး(ခ)ဒေါ်ခင်မူအေး[၇/ရကန(နိုင်)၀၃၇၄၆၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အထက်အမည်ပါ ဒေါ်ခင်မွေး(ခ)ဒေါ်ခင်မူအေးအနေဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသိန်းမြင့်မှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သည့်အပြင် လက်ရှိအချိန်၌ မိမိကိုယ်တိုင်မှာလည်း အသက်အရွယ်ကြီးရင့်လာပြီဖြစ်သောကြောင့် သားသမီးများ၏ နောင်ရေးအတွက် စိတ်အေးလိုသဖြင့် မိမိပိုင်ဆိုင်သော နေအိမ်ခြံမြေကွက်များနှင့် ရွှေငွေလက်ဝတ်ရတနာများအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း အစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိသားစု သဘောတူစီမံမှုဖြင့် အမွေဝေစုများခွဲဝေသတ်မှတ်၍ သားသမီးများ၏ ရသင့်ရထိုက်သော အမွေဝေစုအဖြစ် ခွဲဝေပေးအပ်လိုခြင်းဖြစ်ရာ သားသမီးများဖြစ်ကြသော ဦးအောင်မင်းထွဋ်၊ ဦးကျော်ဝင်းထွဋ်၊ ဒေါ်စုလှိုင်အေး၊ ဒေါ်ခိုင်သူဇာမြင့်၊ ဒေါ်ခိုင်မာလာမြင့်၊ ဦးဇေယျာဝင်းထွဋ်တို့မှာလည်း သဘောတူကျေနပ်စွာ လက်ခံကြသဖြင့် (၁၈-၃-၂၀၂၃)ရက်စွဲပါ"မိသားစုအမွေခွဲဝေစီမံမှု သဘောတူကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုဆောင်ရွက်၍ မိသားစုပိုင်နေအိမ်ခြံမြေကွက်များနှင့် ရွှေ ငွေလက်ဝတ်ရတနာများအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း အစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထက်ဖော်ပြပါ သားသမီးများအားလုံး၏ထံသို့ အပြီးသတ်အမွေခွဲဝေစီမံမှု ပြုလုပ်ဆောင်ရွက်၍ ရသင့်ရထိုက်သော အမွေဝေစုများအား လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထင်လင်းစိုး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၉၇/၄-၁၂-၂၀၁၈)**
**မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့။ ဖုန်း-၀၉-၄၂၈၂၀၈၆၆၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ်-၅၆/၅၈၊ အခန်းအမှတ်-၃၀၂၊ တတိယထပ်ဟုခေါ်တွင်သော အကျယ်အဝန်း(၁၆ပေx၅၀ပေ)(၈၀၀ စ/ပေ)ရှိသောတိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်ကြည် [၁၂/ကမတ(နိုင်)၀၃၇၁၂၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမောင်မောင်အေး[၁၂/လမန(နိုင်)၀၁၄၆၄၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ မည်သူမဆို (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောစန္ဒီစိမ့်(LL.B,WIPO Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၂၀/၂၀-၁၂-၂၀၂၀)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၆၅၄၁၁၄၆၊ ၀၉-၄၂၃၇၀၁၈၃၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ်- (၄၉၅ အေ)၊ မြေကွက်အမှတ် (၂၅၄၊ ၂၆၉၊ ၂၇၅၊ ၈၈၅၊ ၈၈၇၊ ၈၉၃)၊ မြေအကျယ်အဝန်း (၁၀၀'×၁၂၀') စီရှိ မြေကွက် (၆)ကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမင်း (၃/မဝတ (နိုင်) ၀၄၆၁၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၄၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၂

ဦးမောင်သိန်းကျော် နှင့် ၁။ ဒေါ်ထိုက်လှိုင်ဦး
၂။ ဒေါ်ပု

**(တရားလို)** **(တရားပြိုင်များ)**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁)လမ်း၊ အမှတ်-၈၀၆နေ (၂)တရားပြိုင် ဒေါ်ပု (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **ပဋိညာဉ်အတိုင်းဆောင်ရွက်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု** စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်(၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ တိုက်အမှတ်(၆၀)(၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦမှ အခန်းအမှတ်(၁၄)၊ (၇-လွှာ/ခြေရင်းခန်း)တိုက်ခန်းအား ဦးမျိုးသီဟဇော် [၁၂/လမန(နိုင်)၁၄၈၀၁၉]မှ အပြီးအပိုင်ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်း အများသိစေရန်**

အဆိုပါတိုက်ခန်းကို ဦးမျိုးသီဟဇော်၏သဘောတူခွင့်ပြုချက်မပါရှိဘဲ လွှဲပြောင်းငှားရမ်း၊ ပေါင်နှံခြင်းများကို တွေ့ရှိရပါက တရားမဝင်ပြုလုပ်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်းနှင့် ပြုလုပ်မှုအတွက် မည်သည့်လျော်ကြေးငွေကိုမျှ ပြန်လည်ရရှိမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးသီဟဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၆၃၊ ဒ/၁၇-ရပ်ကွက်၊ ရွှေမင်းလမ်း၊ အမှတ်-၁၇၇၉၊ ဦးမြမောင် အမည်ပေါက်ထွက်ရှိထားသည့် ပါမစ်မြေဖြစ်သော(၄၀x၆၀)ပေ မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်**တို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဦးဝေဖြိုး[၈/တတက(နိုင်)၂၀၁၀၁၆]**ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်သူဇာစိုး[၁၄/ငပတ(နိုင်)၁၈၆၁၂၄]အနေဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံပြည့်စုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်များအရ-**
**ဒေါ်သင်းသင်းမော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၇၄၅၈၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ယခင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ယခု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်-၉၆၄၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိပါမစ်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၄-ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်-၉၆၄ဟုခေါ်တွင်သည့် နေအိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပါမစ်အမည်ပေါက် ဦးထွန်းထွန်း(ISN-၅၄၅၁၈၀)ထံမှ အဆက်အစပ်စာချုပ် အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးအောင်ကျော်ခိုင် [၉/မခန(နိုင်)၂၅၀၅၆၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-440655738**

## လုပ်ငန်းအမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၈၃၅/၈၃၆)တွင် ရုံးစိုက်သော **HMY BULLION MYANMAR CO.,LTD(ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၃၆၉၈၉၂၈၆)** သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မိမိတစ်ဦးတည်းပိုင်လုပ်ငန်းအမှတ်တံဆိပ်အဖြစ် သုံးစွဲရန် (၂၃-၁-၂၀၂၄)ရက်နေ့တွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

**(မှတ်ပုံတင်အမှတ်-၄/၇၁၉/၂၀၂၄)**

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် HTET MYAT YADANA အမှတ်တံဆိပ်ပါ ရွှေပြားအမျိုးမျိုး၊ စတီလက်ကောက်အမျိုးမျိုးနှင့် စတီလက်စွပ်အမျိုးမျိုးတို့ကို ဆိုင်တွင်ရောင်းချသကဲ့သို့ Online Platform မှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင်လုပ်ငန်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် ပစ္စည်းများအပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုမ္ပဏီတစ်ဦးတည်းပိုင်အဖြစ် သုံးစွဲလျက်ရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားမည်သူမဆို၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်ဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, D B L,DIL,D ML)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၈၈၊ မြေညီထပ်၊ (၃၈)လမ်း(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁-၂-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ၂၃ ကြော်ငြာပါ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ရိက္ခာဆန်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် တင်ဒါလျှောက်လွှာ ရောင်းချမည့်ဈေးနှုန်းအား (၅၀၀၀၀/-)အစား (၄၂၀,၀၀၀/-) နှုန်းဖြင့် ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ စကြေ့ာကျေးရွာ၊ အ.ထ.က စကြေ့ာ၊ Grade-8 မှ မကျော့ကေခိုင်နှင့် Grade-2 မှ မောင်ဝေယံကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ကိုကို [၁၄/ညတန(နိုင်)၁၄၅၂၅၂]ဖြစ်ပါကြောင်း။

**ဦးကျော်ကိုကို**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၀.၄၅၉)ဧက၊ မြေကွက်အမှတ်(OS-၃၉)၊ ဦးရန်မြင့်ရှု(ခ)ငွေးနိုင်(ဘ)ဦးစိန်အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးရန်မြင့်ရှု(ခ)ငွေးနိုင်[၁၃/နခန(ဧည့်)၀၀၀၀၃၀](ဘ)ဦးစိန်မှ NS INTERNATIONAL COMPANY LIMITED အမည်ဖြင့် မြေနေရာငှားရမ်းခြင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင် မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## သွေးသည် အသက်

## လုပ်ငန်းအမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ မြေညီထပ်၊ အမှတ်(၉၄)တွင် ရုံးစိုက်သော **HTET MYAT YADANA CO.,LTD (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၁၁၃၉၅၇၆၄)**သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မိမိတစ်ဦးတည်းပိုင်လုပ်ငန်းအမှတ်တံဆိပ်အဖြစ်သုံးစွဲရန် (၂၃-၁-၂၀၂၄)ရက်နေ့တွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

Htet Myat Yadana
Company Limited

**(မှတ်ပုံတင်အမှတ်-၄/၇၂၀/ ၂၀၂၄)**

အထက်ဖော်ပြပါလုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရွှေပြားအမျိုးမျိုးထုတ်လုပ်ခြင်း၊ စတီလက်ကောက်အမျိုးမျိုးနှင့် စတီလက်စွပ်အမျိုးမျိုးထုတ်လုပ်ခြင်းများအပါအဝင် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၎င်းလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် လုပ်ငန်းနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်ပစ္စည်းများအပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုမ္ပဏီတစ်ဦးတည်းပိုင်အဖြစ် သုံးစွဲလျက်ရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားမည်သူမဆို၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်ဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင် (LL.B, DBL,DIL,DML)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၈၈၊ မြေညီထပ်၊ (၃၈)လမ်း(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## "မြေကွက်" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သီရိကျော်[၁၂/ရပသ(နိုင်)၀၇၆၅၀၄] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ ပန်းဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၈၅၊ မြေကွက်အမှတ်(၁၀၇၂) ဟုခေါ်တွင်သော အကျယ်(၄၀x၆၀)ပေရှိ မြေကွက်(၁)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဦးသန်းထိုက် [၁၀/ကမရ(နိုင်)၀၅၈၃၆၇]" ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ နဝဒေးလမ်း၊ မြေကွက်အမှတ်-၁၆၈၈၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးရီ အမည်ပေါက် မြေချပါမစ်မြေကွက်မှ မြေကွက်အမှတ်(၁၆၈၉)နှင့် ကပ်လျက်ဘက်ခြမ်း(၂၀x၆၀)ပေအကျယ်ရှိ မြေကွက်(မြေချပါမစ်မိတ္တူ)နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထွန်းထွန်းကျော်[၁၂/သဃက(နိုင်)၀၉၈၅၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဝင်း[၁၂/သဃက(နိုင်)၀၈၉၇၀၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမခင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၂၄)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ Ph:09-975643348,09-443043490**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ်-၁၄၈၅(က)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၁၄၈၅(က)၊ မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဦးခင်မောင်စိုး (ဘ) ဦးလှငွေ(B/RGN-024466)အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေနှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို** အမည်ပေါက်ပိုင်ဆိုင်သူ **ဦးခင်မောင်စိုး(ဘ)ဦးလှငွေ (B/RGN-024466)[၁၂/ကမရ(နိုင်)၀၀၅၇၅၁]**ကိုင်ဆောင်သူက ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ထိုသို့ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B, DBL) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၉၉၅၁၁၁၊ ၀၉-၄၄၃၀၄၂၃၃**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဆင့်

### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်းနေ (ဦးတင်ဦး–ဒေါ်ကျင်ငွေ)တို့၏ သား၊ ဦးစစ်မင်းဟန် (လက်ထောက်ဌာနမှူး၊ စီမံရေးရာဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) – ဒေါ်ဆုဆုစန္ဒီတို့၏ ဖခင်ကြီး၊ မောင်မင်းသက်မာန်၊ မအသချော်စစ်မင်းတို့၏ ဘိုးဘိုးကြီး၊ (ဒေါ်နီနီရှိန်)၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူသည် ၁–၂–၂၀၂၄ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်အား ၂–၂–၂၀၂၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တ/၄၁)၊ မြေကွက်အမှတ် (၁၂၉၆/ခ)၊ ဧရိယာ (၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ အမှတ် (တ/၁၅)ရပ်ကွက်၊ မဟော်သဓာလမ်း၊ ပန်းခြံ(၅)၊ အမှတ်(၁၂၉၆/ခ)ဟုခေါ်တွင်သည့် မြေကွက်နှင့်စပ်လျဉ်းပြီး အများသိစေရန်**

အဆိုပါ မြေကွက်၏ အမည်ပေါက်ပိုင်ရှင် **ဦးအေးဝင်း (L/RGN–၀၃၉၀၄၆)**ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူမှာ **ဦးကျော်ကျော်ဝင်း [၁၄/ကပန(နိုင်)၁၀၉၉၇၃]** ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်ကို တခြားသူတစ်ဦးတစ်ယောက်အား တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်းတို့ လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ဘော်(စဥ်–၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဥ်–၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဥ်–၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁– လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09–501 7044**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (ဗမာအေး)၊ မြေကွက်အမှတ် (၄၈၇)၊ ဧရိယာ (၂၅x၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် (၄၈၇)ဟုခေါ်တွင်သည့် မြေကွက်နေအိမ် အရောင်းဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။**

အဆိုပါ မြေကွက်နေအိမ်အဆောက်အအုံ၏ အမည်ပေါက်ပိုင်ရှင် **ဦးအေးဖေ [၁၂/ဒပန(နိုင်)၀၂၃၈၀၆]**ထံက ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ( ၁၄ )ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ဘော် (စဥ်–၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဥ်–၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B)(စဥ်– ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09–501 7044**

---

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ကျောက်ဝိုင်းမြောက်ဘက်၊ ၈၆x၈၇ ကြား၊ ၃၉–လမ်းတွင် ဖွင့်လှစ်ထားသော **MYAN GEM LAB** ဆိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

အထက်ပါ **MYAN GEM LAB** ဆိုင်သည် ယခင်က ကိုစည်သူဟိန်းနှင့် ဦးခင်မောင်မြင့်တို့အား **MYAN GEM LAB** ဆိုင်၏လုပ်ငန်းအချို့အား ထမ်းဆောင်ရန်အတွက် တာဝန်ပေးအပ်ခဲ့ပါသည်။ ယခုအခါ ကိုစည်သူဟိန်းနှင့် ဦးခင်မောင်မြင့်တို့အား **MYAN GEM LAB** ဆိုင်မှ ပေးအပ်ခဲ့သောတာဝန်များကို အပြီးအပိုင်ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကိုစည်သူဟိန်းနှင့် ဦးခင်မောင်မြင့်တို့သည် **MYAN GEM LAB** ဆိုင် နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ **MYAN GEM LAB** ဆိုင်မှ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**MYAN GEM LAB ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဥ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၇၅၀၂၁၈၄၁**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်စိန်

### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၃၂/က)နေ (ဦးစိန်ခို–ဒေါ်သိန်းကြည်)တို့၏ သမီးကြီး၊ [ဦးအောင်ကျော် (ညွှန်မှူး–ငြိမ်း၊ ရှေးဟောင်းသုတေသနဦးစီးဌာန)]–ဒေါ်နှင်းညွန့်၊ ဦးကျော်စိန်–ဒေါ်မြင့်မြင့်စိန် (အထွေထွေမန်နေဂျာ–ငြိမ်း၊ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း)၊ ဦးခင်မောင်ဌေး–ဒေါ်ရင်ရင်မြတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါ်တင်မေဦး၊ ဦးကျော်ဇင်ဝင်း–ဒေါ်မြင့်မြင့်အောင်(စင်ကာပူ)၊ ဒေါ်ခင်ချိုနွယ်၊ ဦးထွန်းကျော်ဝင်း–ဒေါ်မြင့်သက်နွယ် (USA)၊ ဦးအောင်ကျော်ဇော–ဒေါ်မျိုးမျိုးကျော်တို့၏ ချစ်လှစွာသောအဒေါ်ကြီး၊ မောင်အောင်သွေးသစ်၊ အမရာယဉ်မွန်မျိုးတို့၏ ဘွားဘွားကြီးသည် ၃၁–၁–၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၀၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂– ၂–၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ် ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆–၂–၂၀၂၄ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရည်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ငြိမ်းငြိမ်း

### အသက် (၉၇) နှစ်

မြန်မာ - ဂျပန်အသင်း၏ ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင် + ဒေါ်မြင့်မြင့်ထွန်း တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းငြိမ်း အသက် (၉၇) နှစ်သည် ၂၈ - ၁ - ၂၀၂၄ (တနင်္ဂနွေနေ့) ည (၀၇း၁၇) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာ - ဂျပန်အသင်း

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာနုနုယဉ်

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ စီမံခန့်ခွဲမှုပညာဌာန၊**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**အသက်(၇၅)နှစ်**

ချစ်ခင်လေးစားရပါသော ဆရာမကြီး ပါမောက္ခ ဒေါက်တာနုနုယဉ်သည် ၂၉–၁–၂၀၂၄ (တနင်္လာနေ့) နံနက် ၆:၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်နှင့်**
**စီမံခန့်ခွဲမှုပညာဌာနနှင့် ဝါဏိဇ္ဇဗေဒဌာန မိသားစု**
**Naypyitaw State Academy**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ထားခြင်း မရှိကြောင်း အများသိစေရန်ကြေညာချက်

ဦးခင်မြင့် [၁၂/ဗတထ(နိုင်)၀၀၉၅၉၂]က ရွှေပြည်သာမြို့နယ်နေ ဒေါ်သူသူစံ [၁၂/ရပသ(နိုင်)၁၄၀၅၉၂]အား နေပြည်တော်စာချုပ်စာတမ်းရုံး၏ ၇–၈–၂၀၂၃ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၂၅၉၆/၂၀၂၃ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ထားသည်မှာ မဟုတ်မှန်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနသို့ တင်ပြကန့်ကွက်ထားပါကြောင်း၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ဦးခင်မြင့် အနေဖြင့် ယနေ့ထိ မည်သူကိုမျှ မည်သည့်ကိစ္စနှင့်မျှ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျောက်၊ တရားလွှတ်တော်ရှေ့နေ(စဥ်–၆၂၅၆)**
**အမှတ်–၅၃/၅၅၊ ဒုတိယထပ်(အခန်း–၂၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ဏ/၄၀၊ လူနေရပ်ကွက်အမှတ်– ၁၄၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ်–၈၄၇(ခ)၊ အကျယ် ပေ(၂၀x၆၀)ရှိ ဦးလှရီ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါအိမ်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာသင်း [၁၂/ရပသ(နိုင်)၀၃၆၄၉၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ထွန်း [၁၁/ကတန(နိုင်)၁၀၃၆၀၃] ကိုင်ဆောင်သူမှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက်ပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်ကျော်ထွန်း** | **ဒေါ်နီလာမျိုးခိုင်(LL.B)** |
| **[၁၁/ကတန(နိုင်)၁၀၃၆၀၃]** | **အထက်တန်းရှေ့နေ(စဥ်–၅၀၄၂၈)** |
| **အမှတ်– ၁၃၊ ၁၄၈ လမ်း၊** | **အမှတ်–၃၇၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊** |
| **ပျားရည်ကုန်းရပ်ကွက်၊** | **ရွှေပြည်သာမြို့နယ်။** |
| **တာမွေမြို့နယ်။** | **၀၉–၉၅၀၆၀၁၈၁၈** |

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အမာစိန်(ခနေဖြူ)

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ် (၂၂/၁)၊ အောင်ဇမ္ဗူရိပ်သာလမ်းနေ (ဦးဘိုနီ–ဒေါ်သန်းကျင်)တို့၏သမီး၊ (ဦးလှဦး–ဒေါ်နီနီဦး)၊ (ဦးအေးနိုင်–ဒေါ်အမာဖြူ)တို့၏ ညီမ၊ ဦးခင်စိုး–(ဒေါ်တင်တင်ဝင်း)၊ ဦးချစ်ခိုင်–ဒေါ်ခင်စိုးဝေတို့၏အစ်မ၊ (ဦးရဲမြင့်)၏ ဇနီး၊ ဦးလှိုင်ဝင်းအောင်–ဒေါ်ချိုချိုမာ၊ ဦးကျော်သူရ–ဒေါ်တင်တင်မာ၊ ဦးဟန်စောအောင်–ဒေါ်နီလာကို၊ ဦးနေမျိုးလတ်– ဒေါ်စောသုဝေ၊ ဦးရဲရန်နိုင်–ဒေါ်မိုးဝါတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၁–၂–၂၀၂၄ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃–၂–၂၀၂၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆပ်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၇–၂–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ CITY LOFT တိုက်အမှတ် CL2၊ အခန်းအမှတ်(၄၀၆)၊ LEVEL(4)၊ RC (၈)ထပ်အဆောက်အဦမှ ဧရိယာ (၇၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်သူသူနိုင် [၁၂/ဥကတ(နိုင်)၁၆၉၁၅၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်တင်မျိုးလှိုင် [၁၂/သလန(နိုင်) ၀၇၁၀၀၇]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မျိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဥ်–၉၇၆၅)** |
| **ဖုန်း–၀၉–၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၆၃)နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ ၅(က) ခေါင်းရင်းခန်း၊ အကျယ်အဝန်း ၁၂½'x၅၀' ရှိ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝေယံပိုင် [၁၄/မမန(နိုင်)၁၄၆၈၁၃] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့ဝင်း [၈/ခမန(နိုင်)၀၀၅၇၂၄] ကိုင်ဆောင်သူမှ ရောင်းသည့်တန်ဖိုးနှင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်(တစ်ပတ်)အတွင်း စာချုပ်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ဝင်း[၈/ခမန(နိုင်)၀၀၅၇၂၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ (စဥ်–၂၈၉၈) (၄–၁၂–၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ/ပထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–25022892, 09–443021827**

---

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၂၄)၊ ၆–လွှာ(ခေါင်းရင်းခန်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅ပေx ၆၀ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံအဆိုပြုလာသူ ဦးအောင်မြင့် (ကန်ထရိုက်တာ)၊ [၁၂/လမန(နိုင်)၁၀၁၁၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေး [၁၃/သနန(နိုင်)၀၀၀၂၆၁]မှ (၃၀–၁–၂၀၂၄)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဥ်–၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်–၇လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၂၄၂၄၈၂၂**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁–၁–၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၃)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)KBZ BANK LTD(က·စ) ဒေါ်နန်းသန်းထွေး၏ဂရန်သစ်တွင်မြေအမည်ပေါက်–ဒေါ်နန်းသန်းထွေးအစား KBZ BANK LTD(က·စ) ဒေါ်နန်းသန်းထွေးဟုအမှန်ဖတ်ရှုပါရန်။

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁–၁–၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၃)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)KBZ BANK LTD(က·စ) ဒေါ်နန်းသန်းထွေး၏ဂရန်သစ်တွင်မြေအမည်ပေါက်–ဒေါ်နန်းသန်းထွေးအစား KBZ BANK LTD(က·စ) ဒေါ်နန်းသန်းထွေးဟုအမှန်ဖတ်ရှုပါရန်။

---

## သွေးသည် အသက်

---

## “ပျောက်ဆုံးကြောင်း”

ကျွန်တော် ဦးကျော်သူရ [၁၂/သကတ(နိုင်)၁၁၉၂၃၂] CDC–57706 ၏ M.T CHEMBULK LINDY ALICE 03.APR.2017~21.DEC. 2017 SEA SERVICE REPORT ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–768908568**

---

**ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊သရက်တောတောင်ရပ်ကွက်၊ ကန္နားလမ်း၊ အမှတ် ၄၀၃–၈ထပ်တိုက်၏ဒုတိယထပ်(၃)လွှာ၊ (လက်ယာဖက်) ဘီ – ၃ အကျယ်အဝန်း (၁၅၈ပေ× ၅၀ခပေ) ရှိ တိုက်ခန်းနှင့်ပတ်သတ်၍ အများသိစေရန်ကြော်ငြာ**

ဖော်ပြပါတိုက်ခန်းကို ကန်ထရိုက်တာ ဦးဇော်သိန်း(SLN/131869)ထံမှ (၁၅.၉.၉၇)နေ့စွဲပါ ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ပြုံးရီ (၁၂/ပဘတ(နိုင်)၀၁၆၄၃၈)ထံမှ ဦးညီညီမင်းသန်းက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့် ပတ်သတ်၍ ကန့်ကွက်လိုပါကကြော်ငြာပါသည့် နေ့မှ(၁၄) ရက်အတွင်းစာချုပ်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံ သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ပြီး မြောက်အောင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – ဦးအောင်မြင့်သိန်း(မော်ကွန်း)
အထက်တန်းရှေ့နေ(စဥ်၆၄၃၇/၁၉၈၀)
အမှတ်–၉၅၈၊ပိုလ်အောင်ကျော်လမ်း၊(၇)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ဖုန်း၀၉၇၈၇၂၁၇၈၄၄၊၀၉၄၂၀၉၅၈၄၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း...**

**❖ မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏အလှကိုတွေ့ရစဉ်။

## အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီးရှစ်ခုကို မြန်မာနိုင်ငံ၌ တည်ထောင်ထိန်းသိမ်းထား

ရန်ကုန် ဖေဖော်ဝါရီ ၁

ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတို့ကို ထိန်းချုပ်ကာကွယ်တားဆီးပေးနိုင်သည့် သစ်တောများနှင့် သဘာဝဥယျာဉ်ကြီးများကို ကမ္ဘာ့နိုင်ငံများ၌ ပြုစုပျိုးထောင်ထိန်းသိမ်းစောင့်ရှောက်ကြလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း အာဆီယံ အမွေအနှစ် အမျိုးသားဥယျာဉ်ကြီး ရှစ်ခုကို တည်ထောင်ထိန်းသိမ်းထားကြောင်း သိရသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## မြန်မာ့လက်ရွေးစင်အသင်းနှင့် အား/ကာသိပ္ပံအသင်း ခြေစမ်းပွဲကစား

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် တတိယမြောက် ခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၃၁ ရက်က MNL ကလပ် အား/ကာသိပ္ပံအသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပထမအကြိမ်လေ့ကျင့်ရာတွင် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ပြီး စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ✪



မြန်မာ့လက်ရွေးစင်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ခြေစမ်းပွဲကစားစဉ်။

**ယနေ့ ဖတ်စရာ**

**ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ)သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုမှ ဝင်ငွေ ကျပ် ၃၈၅ သိန်းကျော် ရရှိခဲ့**

စာမျက်နှာ » ၇

**ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ကီလို ၅၀ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

## ချယ်လ်ဆီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်၌ ငါးမှတ်ဖြတ်ကာ ဦးဆောင်



ပရီမီယာလိဂ်ပွဲစဉ်(၂၂)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ဇန်နဝါရီ ၃၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ လီဗာပူးအသင်းက ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၃ မိနစ်မှာ ဂျိုတာ၊ ၃၉ မိနစ်မှာ ဘရက်ဒ်လေ၊ ၆၅ မိနစ်မှာ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■